# ကြေးမုံ
The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday, 13 June 2025 ၁၁၈၄၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါဒီ မာမူ ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီမတီ ဒရောပါဒီ မာမူ ထံသို့ ပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ အိန္ဒိယလေကြောင်း AI-171 ပျက်ကျခဲ့မှုကြောင့် လူပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာကို အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ ထံသို့ ပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✳

### ယနေ့ ဖတ်စရာ


**လျှင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မြေပြင်လက်တွေ့အသုံးချနိုင်ရေး နည်းပညာဆိုင်ရာဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၅

**အလွန်အမင်း စိုးရိမ်ရန်မလို၊ မပေါ့ဆဖို့တော့ လိုပါသည်**

ဆောင်းပါး စာမျက်နှာ » ၆


## တနင်္သာရီတိုင်းဒေသကြီး၌ မိုးစပါးဧက ၂၂၀၀၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိ

မြိတ် ဇွန် ၁၂

တနင်္သာရီတိုင်းဒေသကြီး အတွင်း၌ ယခုနှစ် မိုးစပါးစိုက်ရာသီတွင် မိုးစပါးဧက ၂၂၂၇၁၇ ဧကစိုက်ပျိုးနိုင်ရန် လျာထားစိုက်ပျိုးလျက်ရှိပြီး တစ်ဧက စပါးအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် စပါးမျိုးများကိုလည်း တောင်သူများအား ဖြန့်ဖြူးပေးလျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



စာမျက်နှာ ၄ ကော်လံ ၁ သို့ ○




ကြေးမုံ

# ပိုမိုကောင်းမွန်သည့်အနာဂတ်အတွက် ကျောင်းပညာနှင့်အတွေးအမြင်သင်ကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၁၁ ရက်နေ့က ပြင်ဦးလွင်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိစဉ် ဆရာ ဆရာမများအား "မိမိတို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်ငြိမ်မှုများနှင့် အကြမ်းဖက်ဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေကြောင်း" ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံအတွင်းရှိ အချို့ဒေသများ၌ အကြမ်းဖက်အဖျက်လုပ်ရပ်များ ဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်သမားများ ပေါ်ထွက်လာရာဒေသများသည် များသောအားဖြင့် ပညာတတ်များပေါများသည့် မြို့ပြဒေသများထက် ပညာတတ်နည်းပါးသည့် ကျေးလက်ဒေသများမှဖြစ်သည်ကို အကြမ်းဖျင်းတွေ့ရသည်။ ကောက်ယူထားသည့် ကိန်းဂဏန်းအချက်အလက်များအရ မြန်မာနိုင်ငံအနေဖြင့် ပညာရေးအားပေးမြှင့်တင်ရန် လိုအပ်ချက်များစွာရှိနေဆဲဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ ပညာရေးတွင် အားနည်းလျက်ရှိနေသည်။ အထူးသဖြင့် ကျေးလက်ဒေသများနှင့် ဝေးလံသည့်ဒေသများ၌ ပညာရေးတွင် အားနည်းမှုများစွာရှိနေသည်ကို တွေ့ရသည်။

ပညာဟူသည်ကို စာသင်ကျောင်းများမှ အစပြုသည်ဟုဆိုသော်လည်း စာသင်ကျောင်းများသည် စာချည်းသက်သက်သင်ကြားကာ စာမေးပွဲရမှတ်ပြိုင်သည့်နေရာမဟုတ်ပေ။ ကျောင်းစာကိုအခြေပြု၍ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်ခဲ့၊ ဖြစ်ပျက်ဆဲနှင့် ဖြစ်ပျက်နိုင်မည့်အရာများကို ကျောင်းနှင့်စာသင်ခန်းများကိုကျော်၍ မြော်တွေးကြည့်တတ်အောင် ဆရာ ဆရာမများက "ဉာဏ်မျက်စိဖွင့်"ပေးသည့်နေရာဖြစ်သည်။ ထို့ပြင် "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း ကျောင်းသားကျောင်းသူများ အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေးအတွက် သင်ကြားလမ်းပြပေးရမည့်တာဝန်ကို ဆရာ ဆရာမများက ထမ်းဆောင်ကြရမည်ဖြစ်သည်။

ကလေးငယ်များအား မိဘအုပ်ထိန်းသူများက သွန်သင်ဆုံးမပေးလျက်ရှိသကဲ့သို့ ဆရာ ဆရာမများကလည်း သွန်သင်ဆုံးမပေးလျက်ရှိသည်။ ငယ်စဉ်ကာလမှ လူလားမြောက်သည့်အရွယ်အထိ နေအိမ်တွင်နေရသည့်အချိန်ထက် ကျောင်းတွင်နေရသည့်အချိန်မှာ ပိုများသဖြင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုမှာ ပိုများသည်ကို တွေ့ရမည်ဖြစ်သည်။ ကျောင်းမနေဖူးသူများအနေဖြင့် သွန်သင်ဆုံးမမှုများကို ရရှိနိုင်မည်မဟုတ်ပေ။ ဆရာ ဆရာမများအနေဖြင့် အတန်းပညာကို သင်ကြားပေးရမည်ဖြစ်သလို စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်မြင့်မားရေးအတွက်လည်း စနစ်တကျသင်ကြားပြသပေးရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပညာရေးကဏ္ဍ၌ ခေတ်အဆက်ဆက်အားနည်းလာမှုများကြောင့်၊ အထူးသဖြင့် စဉ်းစားတွေးခေါ်ဆင်ခြင်မှုဉာဏ်ပညာကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသောကြောင့် နိုင်ငံတော်၌ အရေးကိစ္စပေါ်ပေါက်လာချိန်တွင် လမ်းမှားပေါ်သို့ ရောက်ရှိသွားသူ အများအပြားရှိလာသည်ကို တွေ့ရမည်ဖြစ်သည်။ မကောင်းမှုဒုစရိုက်များနှင့် အကြမ်းဖက်မှုများ ကြီးထွားလာသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် မျက်မှောက်ကာလတွင် ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးလျက်ရှိသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုး ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးကြရမည်ဖြစ်သည်။ ငယ်စဉ်ကာလ ကလေးဘဝကတည်းက စနစ်တကျနေထိုင်သွားလာတတ်စေရေး၊ လိမ္မာယဉ်ကျေးမှုရှိစေရေးတို့ကို သင်ကြားလေ့ကျင့်ပေးမှသာလျှင် အနာဂတ်၌ သာယာကောင်းမွန်သည့် လူမှုဘဝကို ရရှိစေမည်ဖြစ်သည်။

အတန်းပညာကို သင်ကြားမှုမှရရှိသကဲ့သို့ အသိပညာကို စာအုပ်စာပေများ ဖတ်ရှုခြင်းမှလည်း ရရှိနိုင်သည်။ ကျောင်းစာကြည့်တိုက်များတွင် ကျောင်းသားကျောင်းသူများ သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ၊ အတတ်ပညာများ တိုးပွားရရှိလာမည်ဖြစ်သည်။ ဆရာ ဆရာမများသည် အသိပညာ၊ အတတ်ပညာများနှင့် အတွေးအမြင်များကို သင်ကြားပေးခြင်းအပြင် ဘဝအတွေ့အကြုံများ၊ စာပေဖတ်မှတ်ခြင်းမှ ရရှိခဲ့သည့်အသိအမြင်များကိုလည်း မျိုးဆက်သစ်များအား မျှဝေပေးနိုင်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် မြန်မာနိုင်ငံ၏အနာဂတ်ကိုဦးဆောင်မည့် မျိုးဆက်သစ်လူသားအရင်းအမြစ်ကောင်းများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ ဆရာမများအနေဖြင့် တစ်နှစ်တစ်တန်း အတန်းအောင်မြင်ရေးအတွက် ဘာသာရပ်ဆိုင်ရာများကို စနစ်တကျသင်ကြားပေးရမည့်အပြင် ပိုမိုကောင်းမွန်သော အနာဂတ်ကိုတည်ဆောက်နိုင်ရန်အတွက် အသိဉာဏ်ပညာ၊ အမှားအမှန်၊ အကောင်းအဆိုး ဆင်ခြင်တုံတရားများနှင့် စဉ်းစားတွေးခေါ်နိုင်သည့် အတွေးအမြင်များ ဖြစ်ထွန်းစေရန်အတွက်လည်း စဉ်ဆက်မပြတ် လမ်းမှန်ညွှန်ပြ ပေးဝေနေရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ မေစန်းရီ<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဦးဇော်ဇော်အေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(မြို့ပြနှင့်ဒေသ)<br>မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

## လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၄၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၁ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၂၄ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇွန် ၁၁ ရက် ညနေ ၅ နာရီမှ ဇွန် ၁၂ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စင်ကာပူနိုင်ငံ Lotus Light Charity Society ကလှူဒါန်းသည့် အသင့်စားခေါက်ဆွဲခြောက် အလေးချိန် သုည ဒသမ ၁၈၅ တန် ရောက်ရှိခဲ့သည်။

အဆိုပါထောက်ပံ့သည့် စားသောက်ကုန်ပစ္စည်းများကို ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၂ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၂၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂- ၆ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၇၀၀ | ၆,၇၀၀ | ၂ | ၁၃,၄၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၁,၇၈၃ | ၅,၂၆၁,၅၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၁၅၀ | ၁,၀၉၅,၀၀၀ |
| FPB | ၁,၈၅၀ | ၁,၈၅၀ | ၂၀ | ၃၇,၀၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၃၀၀ | ၈၅၅,၀၀၀ |
| EFR | ၁,၆၀၀ | ၁,၆၅၀ | ၂,၅၀၆ | ၄,၁၀၉,၉၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၃ | ၅၂,၀၀၀ |
| MAEX | ၃,၀၅၀ | ၃,၁၀၀ | ၄၂၀ | ၁,၂၈၂,၀၀၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၁၀၀ | ၀ | ၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



Chairman
State Administration Council
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

It is with great sorrow to learn of the tragic news of the crash of Air India flight AI-171 near Ahmedabad, India on 12 June 2025 which claimed the loss of many lives.

On behalf of the people of Myanmar and on my own behalf, I wish to express our deepest sympathies and condolences to Your Excellency and the people of India in this time of immense grief.

Our thoughts and prayers are with those who have lost loved ones, and we stand in solidarity with India.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

Her Excellency Smt. Droupadi Murmu
President
Republic of India
New Delhi

✫ ရှေ့ဖုံးမှ

အဆိုပါ သဝဏ်လွှာတွင် အိန္ဒိယလေကြောင်းလိုင်း AI–171 သည် ၁၂–၆–၂၀၂၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ ပျက်ကျခဲ့ပြီး လူအများအပြား အသက်ဆုံးရှုံးခဲ့ကြောင်း သိရှိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်ကာလတွင် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် အိန္ဒိယပြည်သူများထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း၊ ယခုကဲ့သို့ ဆိုးရွားသည့် မတော်တဆဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ထိခိုက်ခံစားရသူ အားလုံးအတွက် မိမိတို့က သတိရအောက်မေ့၍ ဆုမွန်ကောင်းများ ပို့သလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် မြန်မာနိုင်ငံက အိန္ဒိယသမ္မတနိုင်ငံနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။



Prime Minister
Republic of the Union of Myanmar

Dated, 12 June 2025

Excellency,

I was deeply saddened to learn of the tragic crash of Air India flight AI-171 near Ahmedabad, India on 12 June 2025, that resulted in massive loss of lives.

On behalf of the Government and people of Myanmar, and on my own behalf, I wish to extend my heartfelt condolences and deepest sympathies to Your Excellency, and the people of India during this time of great sorrow.

Our thoughts and prayers are with the victims, their families, and all those affected by this immense tragedy. Myanmar stands in solidarity with India in this moment of profound grief.

Please accept, Excellency, the assurances of my highest consideration.

Senior General Min Aung Hlaing

His Excellency Shri Narendra Modi
Prime Minister
Republic of India
New Delhi

✻ ရှေ့ဖုံးမှ

အဆိုပါ သဝဏ်လွှာတွင် အိန္ဒိယလေကြောင်းလိုင်း AI–171 သည် ၁၂–၆–၂၀၂၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ အမီဒါဘတ်မြို့အနီး၌ ပျက်ကျခဲ့ပြီး လူအများအပြား အသက်ဆုံးရှုံးခဲ့ရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်ကာလတွင် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် အိန္ဒိယပြည်သူများထံသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်းကို ဖော်ပြအပ်ပါကြောင်း၊ ယခုကဲ့သို့ ဆိုးရွားသည့် မတော်တဆဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ထိခိုက်ခံစားရသူအားလုံးအတွက် မိမိတို့အနေဖြင့် သတိရအောက်မေ့၍ ဆုမွန်ကောင်းများ ပို့သလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းပူဆွေးရသည့်အချိန်တွင် မြန်မာနိုင်ငံက အိန္ဒိယသမ္မတနိုင်ငံနှင့်အတူ စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြပါရှိသည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ရှိ ပုဂ္ဂလိက ရုပ်သံရိုက်ကူးထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းများ ကြည့်ရှုအားပေး





ရန်ကုန် ဇွန် ၁၂

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ရှိ ပုဂ္ဂလိက ရုပ်သံလုပ်ငန်းများဖြစ်သည့် Forever Group ကုမ္ပဏီ၏ MRTV–4၊ Channel–7 နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် Canal+ DTH, Media N ကုမ္ပဏီ၏ M Channel တို့ ရိုက်ကူးထုတ်လုပ်ရေးနှင့် ထုတ်လွှင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ ကမာရွတ်မြို့နယ်ရှိ Forever ကုမ္ပဏီနှင့် ပြည်ပကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Canal +DTH ရုံးသို့ ရောက်ရှိရာ CEO က Contant များ ကိုယ်တိုင်ထုတ်လုပ်မှုနှင့် ဝယ်ယူစုဆောင်းမှု၊ ယခုနှစ် ဇူလိုင်လမှစ၍ အင်္ဂလန် ပရီမီယာလိဂ် ဘောလုံးပွဲများ ဝယ်ယူ၍ တိုးချဲ့ထုတ်လွှင့်မည့် အစီအမံ၊ အုပ်ချုပ်မှုကိစ္စရပ်များနှင့် လုပ်ငန်းခွင်တွင် ကြုံတွေ့ရသည့် အခက်အခဲများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ခွင့်ပြုထားရှိသည့် မီဒီယာကျင့်ဝတ်နှင့် သက်ဆိုင်ရာ ဥပဒေ၊ Update ညွှန်ကြားချက်များနှင့်အညီ ဂရုပြုလိုက်နာဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် ရေကူးအသံလွှင့်ရုံဝင်းအတွင်းရှိ Forever ကုမ္ပဏီ၏ မီဒီယာလုပ်ငန်းခွင်သို့ ရောက်ရှိရာ ကုမ္ပဏီမှ တာဝန်ရှိသူများက မြေနေရာငှားရမ်း၍ စတူဒီယိုများ တည်ဆောက်ကာ MRTV–4 & Channel 7 တို့ စီစဉ်ထုတ်လွှင့်မှု၊ အစီအစဉ်နှင့် ဇာတ်လမ်းတွဲများ ရိုက်ကူးတည်းဖြတ်ထုတ်လုပ်မှု၊ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ရေးယာဉ်များ အသုံးပြု၍ အားကစားပွဲများ သွားရောက်ရိုက်ကူးထုတ်လွှင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လိုက်လံပြသကြရာ ပြည်ထောင်စုဝန်ကြီးက ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယင်းရေကူးစက်ရုံဝင်းအတွင်းရှိ စတူဒီယိုအား ငှားရမ်း၍ လုပ်ငန်း ဆောင်ရွက်နေသော Media N ကုမ္ပဏီ၏ M Channel ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စတူဒီယိုအဆောက်အအုံကို ပြင်ဆင်မွမ်းမံ၍ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် စတူဒီယိုနှစ်ခုတွင် ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၁၂

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့ တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့ရှိ အားကစားကွင်း / အားကစားရုံများနှင့် စခန်းသွင်းလေ့ကျင့်နေသည့် အားကစားအဖွဲ့များအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၂**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး တို့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ နပန်းအားကစားရုံနှင့် ပဏာမလက်ရွေးစင်အားကစားသမားများ ထားရှိရာ လေးထပ်အိပ်ဆောင်ရှိ စားရိပ်သာ၊ ချက်ပြုတ်ဆောင်၊ စတိုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုအားပေး**

ထို့နောက် တာမွေမြို့နယ်ရှိဘိုးလင်းအားကစားရုံသို့ ရောက်ရှိပြီး မြန်မာနိုင်ငံ ဘိုးလင်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လူရွေးချယ်ရေး၊ စနစ်တကျ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ဆုတံဆိပ်ရရှိအောင် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားပြီး ပဏာမလက်ရွေးစင်ဘိုးလင်း အားကစားသမားများနှင့် ဉာဏ်ရည်မသန်စွမ်း လက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် သုဝဏ္ဏအားကစားဇုန်နယ်မြေအတွင်းရှိ အမျိုးသားဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းမြေနေရာနှင့် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေသော ပဏာမလက်ရွေးစင် ဘိလိယက်နှင့် စနူကာ အားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ တိုက်ကွမ်ဒိုအားကစားရုံသို့ရောက်ရှိပြီး ပဏာမလက်ရွေးစင်တိုက်ကွမ်ဒို အားကစားသမားများ လေ့ကျင့်နေမှုနှင့် ပိုက်ကျော်ခြင်းအားကစားရုံ၌ ပဏာမလက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တောင်ကြီး ဇွန် ၁၂**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊သူနာပြု သင်တန်းကျောင်းမှ သင်တန်းသူများ၊ အား/ကာသိပ္ပံ(တောင်ကြီး)မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အမျိုးသမီး ဗိုလ်လုပွဲအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း၊ အမျိုးသား ဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော ကချင်ပြည်နယ် အသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသမီး ဘော်လီဘော ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသား ဘော်လီဘော ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုအား လည်းကောင်း၊ အမျိုးသမီး ဘော်လီဘော ပထမဆုရမန္တလေးတိုင်းဒေသကြီးအသင်းနှင့် အမျိုးသား ဘော်လီဘော ပထမဆုရ ရှမ်းပြည်နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု၊ ပထမဖလားဆုတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ် အမျိုးသားအသင်းအတွက် ငွေကျပ်သိန်း ၅၀ နှင့် ပူးတွဲတတိယဆုရ အမျိုးသမီးအသင်းအတွက် ငွေကျပ်သိန်း ၃၀ တို့အား ပေးအပ်ရာ အသင်းအုပ်ချုပ်သူ နည်းပြများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးဇင်မင်းထက် မွန်ပြည်နယ် အားကစားဥယျာဉ်နှင့် မွန်ပြည်နယ် လူငယ်စင်တာဖွင့်လှစ်ရန် လျာထားသည့်အဆောင်များနှင့် အခန်းဖွဲ့စည်းပုံများ ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဇွန် ၁၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်သည် မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် အားကစားဥယျာဉ်အတွင်းရှိ တည်ဆောက်လျက်ရှိသော ဘက်စုံသုံး မိုးလုံလေလုံအားကစားခန်းမကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွန်ပြည်နယ် လူငယ်စင်တာဖွင့်လှစ်ရန် လျာထား ထားရှိသည့် ကျောင်းသားအားကစားကွင်းအတွင်းရှိ အဆောင်များနှင့် အခန်းဖွဲ့စည်းပုံများကို လည်းကောင်း၊ ရာမည အားကစားကွင်းပတ်လည်ရှိ ဖျက်သိမ်းပြီးဈေးဆိုင်ခန်းများနှင့် ဖျက်သိမ်းရန်ကျန်ရှိသည့် ဆိုင်ခန်းများ အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**○ တနင်္သာရီမှ**

ယခင် ၂၀၂၄ – ၂၀၂၅ ခုနှစ်က မိုးစပါး ၂၂၂ ၃၉၆ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကအထွက်နှုန်းမှာ ၇၃ ဒသမ ၂၀ တင်း၊ စပါးအထွက်တင်း စုစုပေါင်း ၁၆ ၂၇၉ ၅၆၆ တင်းထွက်ရှိခဲ့ကြောင်းနှင့် ဆန်ဖူလုံမှုအနေဖြင့် ၇၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ယခု ၂၀၂၅–၂၀၂၆ ခုနှစ် မိုးစပါးစိုက်ရာသီတွင် မိုးစပါး၂၂၂၇၁၇ ဧကကို စိုက်ပျိုးနိုင်ရန်လျာထား ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသဝမ်းစာဖူလုံမှုမရှိသေးသည့်အတွက်တောင်သူများ၏ တစ်ဧကအထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးကောင်း မျိုးသန့်မျိုးစေ့များကို ဖြန့်ဖြူးခြင်း၊ တောင်သူအချင်းချင်း မျိုးဖလှယ်သည့်စနစ်ဖြင့် ပွားများစိုက်ပျိုးခြင်း၊ ဌာနမျိုးစေ့ခြံများမှ မျိုးစေ့ထုတ်စိုက်ပျိုးခြင်း၊ အကျိုးဆောင်တောင်သူနှင့် Seed Grower Association (SGA)တို့မှ မျိုးသန့်စိုက်ပျိုးခြင်းတို့ဖြင့် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆက်သွယ်စုံစမ်းမေးမြန်းနိုင်**

ဒေသခံတောင်သူများအနေဖြင့် မိမိတို့ စိုက်ခင်းများတွင် ကြုံတွေ့နေရသည့် စိုက်ပျိုးနည်းစနစ်ပိုင်းဆိုင်ရာ အခက်အခဲများ၊ မြေဆီလွှာပြဿနာများ၊ မျိုးကောင်းမျိုးသန့်ရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ ရောဂါပိုးမွှားကာကွယ်နှိမ်နင်းမှုဆိုင်ရာ နည်းပညာများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာရပ်များနှင့်ပတ်သက်၍ သိရှိလိုသည့်များရှိပါက သက်ဆိုင်ရာခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးများနှင့် အချိန်မရွေး ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် စိုက်ပျိုးလျက်ရှိသော မိုးစပါးများမှာ ဆင်းသုခ၊ မှော်ဘီ ၃၊ ရောမင်း၊ ကျော်ဇေယျာ၊ လုံးသွယ်မွှေး၊ ပေါ်ဆန်းမွှေး၊ တောင်ပျံနှင့်အခြားဒေသမျိုးစပါးများကိုလည်း စိုက်ပျိုးလျက်ရှိသည့်အပြင် ယခုနှစ်တွင် အောင်နိုင်တိုး စပါးမျိုးကို စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မြေပြင်လက်တွေ့အသုံးချနိုင်ရေး နည်းပညာဆိုင်ရာဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁၂**

ငလျင်ဒဏ်သင့် အဆောက်အအုံများပြုပြင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ မြေပြင်လက်တွေ့ အသုံးချနိုင်ရေး နည်းပညာဆိုင်ရာ (Knowledge Sharing) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် မြန်မာမြို့ပြအခြေခံအဆောက်အဦဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများနှင့် မြေပြင်တွင် အဆောက်အအုံပြုပြင်ခြင်းဆောင်ရွက်နေသည့် တည်ဆောက်ရေး ကုမ္ပဏီများမှ တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် "ငလျင်ဒဏ်သင့် အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ" ၏ လမ်းညွှန်ချက်အရ အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ဌာနအသီးသီးနှင့် အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ ပညာရှင်များက မြေပြင်တွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော ကြီးကြပ်သူတာဝန်ခံအင်ဂျင်နီယာများနှင့် ကန်ထရိုက်တာများကို ပြုပြင်ရေးနည်းစနစ်များကို နားလည်သိရှိစေရန်နှင့် လုပ်ငန်းခွင်များတွင် စနစ်တကျ ပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယနေ့နည်းပညာဆွေးနွေးပွဲကို Knowledge Sharing အနေဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း။

ငလျင်ဒဏ်ကြောင့် အဆောက်အအုံများပျက်စီးမှု အနည်းအများအလိုက် အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့်အဖြစ် ခွဲခြားသတ်မှတ်ခဲ့ပြီး သာမန်ပျက်စီးမှုဖြစ်သည့် အပြာရောင်အဆင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လိမ္မော်ရောင်အဆင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို PE (Structure / Construction) ၏ ကြီးကြပ်မှုဖြင့် ပြင်ဆင်ရမည့် နည်းလမ်းအတိုင်း လိုက်နာ၍ Quality Control ထားရှိပြီး အရည်အသွေး စစ်ဆေးမှုများ ဆောင်ရွက်ရန် လိုကြောင်း၊ ပျက်စီးမှုကြီးမားသည့် အနီရောင်အဆင့် သတ်မှတ်ထားသော အဆောက်အအုံများအား ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက် နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဦးကျော်သူအောင် Director (Business Development) က "Product development for Earthquake Repair Works" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးနေလင်းထက် General Manager of Construction Chemicals Department က "Repair & Retrofitting works for damages due to earthquake" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ဖူးပွင့်ဖြိုး Senior Sales Solutions Engineer၊ Project Solutions and Engineering Sales Department က "Mapei FRP System for Structure Strengthening Works" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးအေးလင်းက "လုပ်ငန်းခွင်အတွင်း SOP နှင့်အညီ ပြင်ဆင်ခြင်းအတွေ့အကြုံများ မျှဝေခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ခံအင်ဂျင်နီယာ ဦးချမ်းငြိမ်းကိုက "အဝါရောင်အဆင့် အဆောက်အဦနှင့်ပတ်သက်သော လေ့လာတွေ့ရှိချက်များအကြောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်မင်းအေးက "အပြာရောင်နှင့် လိမ္မော်ရောင်အဆင့် ပျက်စီးမှုများအတွက် ဆောင်ရွက်သင့်သည့် ပြုပြင်နည်းစနစ်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆောက်လုပ်ရေးလုပ်ငန်း အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်လည်ပြုပြင် တည်ဆောက်ခြင်းဆောင်ရွက်နေသော ကုမ္ပဏီများမှ အင်ဂျင်နီယာများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းခြင်း၊ ဖြေကြားခြင်းများ ပြုလုပ်ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး




**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံ၏ အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၁ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံ ပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး (2nd Meeting of ASEAN Geoeconomics Task Force) သို့ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေး၊အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံစီးပွားရေးဝန်ကြီးများ အစည်းအဝေးရလဒ်များ၊ လက်ရှိဖြစ်ပေါ်နေသည့် ပထဝီစီးပွားရေးစိန်ခေါ်မှုများအပေါ် အာဆီယံအနေဖြင့် မူဝါဒဆိုင်ရာ တုံ့ပြန်မည့် အာဆီယံပေါင်းစည်းမှုအစီရင်ခံစာရေးဆွဲရေးနှင့် လုပ်ငန်းအဖွဲ့၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးက လက်ရှိဖြစ်ပေါ်နေသည့် ပထဝီစီးပွားရေးအခြေအနေကို အာဆီယံ၏ ခိုင်မာ၍ အားလုံးပါဝင်သည့် စီးပွားရေးပေါင်းစည်းမှုဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ကြောင်း၊ အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုကို ပိုမိုမြှင့်တင်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု နယ်ပယ်ချဲ့ထွင်ခြင်းတို့ကို ဦးစားပေး ဆောင်ရွက်သင့်ကြောင်း၊ အသစ်ဆောင်ရွက်မည့် လုပ်ငန်းများကို အာဆီယံ၏ ဦးစားပေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အေအီးစီမဟာဗျူဟာ လုပ်ငန်းအစီအစဉ် ၂၀၂၆-၂၀၃၀ ကို အတည်ပြုပြီးဖြစ်၍ ရေရှည်ဆောင်ရွက်မည့် လုပ်ငန်းများကို မဟာဗျူဟာအစီအစဉ်နှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အာဆီယံပထဝီစီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Geoeconomics Task Force) ကို ဧပြီ ၁၀ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သည့် အာဆီယံစီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေး၏ သဘောတူညီချက်ဖြင့် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုအပြောင်းအလဲများကြောင့် အာဆီယံဒေသတွင်း၌ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ထိခိုက်နိုင်မှုများကို သုံးသပ်နိုင်ရန်နှင့် အာဆီယံစီးပွားရေးဝန်ကြီးများထံသို့ မူဝါဒဆိုင်ရာထောက်ခံတင်ပြချက်များ ပြန်လည်တင်ပြရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းအဖွဲ့တွင် အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးအဆင့် တစ်ဦးစီနှင့် အစိုးရ မဟုတ်သည့်အဖွဲ့အစည်းမှ အကြီးတန်းစီးပွားရေးပညာရှင် တစ်ဦးစီတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**သတင်းစဉ်**



# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

**ပြင်ဦးလွင် ဇွန် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်ခရိုင်နှင့် ပြင်ဦးလွင်မြို့နယ်ရုံးတို့မှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ပြုလုပ်သည်။

စုပေါင်းသွေးလှူဒါန်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထူး၊ အတွင်းရေးမှူး ခရိုင်ရဲမှူးကြီး ဒုရဲမှူးကြီး ဝဏ္ဏစိုးအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဦးမျိုးထက်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းအောင်ကြည်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်လွင်တို့က လာရောက် အားပေးခဲ့ကြပြီး သွေးအလှူရှင် ဝန်ထမ်းများအား ကြက်ဥ၊ အားဆေး၊ ဓာတ်ဆားနှင့် အာဟာရ ဝယ်ယူသုံးစွဲရန် ထောက်ပံ့ငွေတို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အလွှန်အမင်း စိုးရိမ်ရန်မလို၊ မပေါ့ဆဖို့တော့ လိုပါသည်

မိုးကေနိုင်

ယနေ့ လူသားတွေဟာ သဘာဝဘေး၊ လူလုပ်ဘေးတွေကို ကပ်အဖြစ် တစ်ကပ်ပြီးတစ်ကပ်၊ လှိုင်းအဖြစ် တစ်လှိုင်းပြီးတစ်လှိုင်း ရင်ဆိုင်နေကြရပေမယ့် တစ်ကျော့ပြန် ကိုဗစ်ဆိုတဲ့စကားကိုတော့ ဘယ်သူမှ ကြားချင်ကြမှာမဟုတ်ဘူး။ ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် သွေးတွင်းအောက်ဆီဂျင်ပမာဏ အတက်အကျကြည့်ပြီး ထိတ်ထိတ်ပျာပျာနဲ့ ကိုဗစ်ကပ် သားကောင်ဖြစ်ခဲ့ရတဲ့ဘဝ။ ကမ္ဘာတစ်ဝန်း လူသန်းချီသေဆုံး၊ စီးပွားပျက်၊ လူမှုဘဝများ ပျက်စီးကြရစသည်ဖြင့် ထိုအနိဋ္ဌာရုံတွေကို မေ့ခဲ့လို့မရ။ ပေါ့ဆလို့မဖြစ်၊ အမြဲသတိထားဖို့တော့လိုတယ်။ ဒါကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာနတွေအနေနဲ့ ကိုဗစ်-၁၉ ကို မပြတ်စောင့်ကြည့်နေရတယ်။

### Timeline တစ်ခု

ဒါပေမဲ့ အလွန်အမင်းစိုးရိမ်ကြဖို့တော့ မလိုပါ။ မူရင်းမျိုးကွဲကနေ အဆင့်ဆင့်ပြောင်းလဲလာတဲ့ ဗီဇပြောင်းမျိုးကွဲသစ်တွေက လူကိုအန္တရာယ်ပေးနိုင်စွမ်းအားပျော့သွားပြီလို့ ဆိုပါတယ်။ ကျွန်တော်တို့ ကိုဗစ်မူလမျိုးရင်းတွေရဲ့ Timeline ကို ပြန်ကြည့်ရင် ၂၀၂၀ ပြည့်နှစ်ကုန်လောက်ကစခဲ့တဲ့ Alpha၊ Beta၊ Gamma စတဲ့ မျိုးကွဲတွေ၊ နောက်တော့ ၂၀၂၁ နှစ်ကုန် နွေဦးလောက်မှာ အိန္ဒိယနိုင်ငံမှာ စခဲ့တဲ့ Delta နဲ့ Delta plus မျိုးကွဲတွေ စတဲ့ အလွန်ပြင်းထန်စွာ ဒုက္ခပေးခဲ့တာကို ခံစားခဲ့ရဖူးတယ်။ လူတွေ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့ကြရတယ်။ နောက်ပိုင်း ၂၀၂၁ ခုနှစ်ကစပြီး Omicron BA 1၊ BA 2 မျိုးကွဲတွေ စတင်တွေ့ရှိလာရပါတယ်။ ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့မှ စတင်ကြေညာခဲ့ရတဲ့ ကမ္ဘာ့ကပ်ကြီးဟာ ၂၀၂၃ ခုနှစ် မေလ ၅ ရက်နေ့မှာတော့ ကပ်အသွင်ပြီးဆုံးသွားခဲ့ပါတယ်။ Lockdown တွေ၊ သီးသန့်ထားခဲ့ရတဲ့ Quarantine တွေ၊ Mask တွေ တပ်ခဲ့ရ၊ လက်ဆေးခဲ့ရ၊ ခပ်ခွာခွာနေခဲ့ရ၊ Contact Tracing လိုက်ခဲ့ရတဲ့ ဘဝအမောတွေကို ပြန်လည်မှတ်မိကြမယ်ထင်ပါတယ်။

### တုပ်ကွေးလား၊ ကိုဗစ်လား ခွဲခြားရခက်၍ ပို၍အလေးထားသင့်

ဒါတွေ ပြန်ပြောနေရခြင်းက ကျွန်တော်တို့ လူသားတွေ ရင်ဆိုင်ခဲ့ရတဲ့ ခါးသီးဖွယ်အဖြစ်အပျက်တွေကို အနည်းငယ်မျှလေး ပြန်လည်အမှတ်ရမိဖို့သာဖြစ်ပါတယ်။ ယခုအခြေအနေက ယခင်ကလောက် အလွန်အမင်းစိုးရိမ်စရာ မရှိနိုင်တော့ပါဘူး။ ကျွန်တော်တို့အားလုံး သင်ခန်းစာတွေ ထုတ်ခဲ့ကြပြီး အဆိုးထဲကအကောင်း၊ အတွေ့အကြုံမျိုးစုံကနေ New normal life style နဲ့ လူမှုပုံစံအသစ်မှာ နေတတ်နေပါပြီ။

အကြောက်လွန်မှာစိုးလို့ စိုးရိမ်စရာမရှိဘူးဆိုပေမယ့် အခုနာမည်ကြီးနေတဲ့ အိုမီခရွန်မျိုးကွဲသစ် XEC ကိုတော့ မိမိမှတ်ဉာဏ်ထဲ အနည်းငယ်ထည့်ထားစေချင်တယ်။ WHO က စောင့်ကြည့်နေသလို ကျန်းမာရေးဝန်ကြီးဌာနကလည်း မပြတ်စောင့်ကြည့်နေတဲ့ မျိုးကွဲတစ်ခုပါ။ အဓိကအချက်က ကူးစက်မှုနှုန်းမြင့်လာတာနဲ့ ဘေးအိမ်နီးချင်းနိုင်ငံမှာ အသေအပျောက်ရှိလာတဲ့အချက်က ထည့်တွက်ရမယ့်အနေအထား ဖြစ်နေပါတယ်။ ကူးစက်တာမြန်ပြီး ရောဂါပြင်းထန်မှုမရှိလို့ဆိုပေမယ့် လက်ရှိ ကျွန်တော်တို့ပတ်ဝန်းကျင်မှာက ရာသီတုပ်ကွေး (Influenza) ကလည်း မသိမသာနဲ့ ဖြစ်ပွားနေတာရှိတယ်။ ဒါကြောင့် တုပ်ကွေးလား၊ ကိုဗစ်လား ဆိုတာ ခွဲခြားရခက်နေတတ်ကြတယ်။



ခွဲခြားရခက်လောက်အောင်လည်း Influenza Virus ကြောင့်ဖြစ်တဲ့ Influenza နဲ့ Corona Virus ကြောင့်ဖြစ်တဲ့ ကိုဗစ်-၁၉ ဒီရောဂါနှစ်ခုရဲ့လက္ခဏာတွေက အများအားဖြင့် ဆင်တူကြတယ်။ အဖျား၊ ခေါင်းကိုက်၊ ချောင်းဆိုး၊ နှာစေး၊ ကိုယ်လက်ကိုက်ခဲ၊ နုံးခွေ၊ လည်ချောင်းနာ စတဲ့လက္ခဏာတွေက ရောဂါနှစ်ခုလုံးမှာ ခံစားရမယ်။ အချို့သူတွေမှာ ဝမ်းပျက်ဝမ်းလျှော၊ ပျို့အန်တာတွေ ရှိနိုင်တယ်။ ဒီလက္ခဏာတွေလည်း တူကြတာပဲ။ နောက်ဆက်တွဲ ဖြစ်လာတတ်တဲ့ ပြင်းထန်အဆင့်လို့ သတ်မှတ်ရမယ့် အသက်ရှူမဝ၊ အမောဖောက်လက္ခဏာကလည်း ဗိုင်းရပ်စ်နှစ်ခုစလုံးမှာ ဖြစ်နိုင်တယ်။ နောက်ဆုံး ခွဲခြားနိုင်တဲ့ တစ်ခုတည်းသောလက္ခဏာကို ပြောပါဆိုရင် ကိုဗစ် – ၁၉ မှာမှတွေ့ရတဲ့ အနံ့မရ၊ အရသာပျောက်သွားတတ်တဲ့ လက္ခဏာပါပဲ။ ဒါပေမဲ့ ထိုလက္ခဏာမျိုးက ကိုဗစ်တိုင်းမှာ မဖြစ်တတ်ဘူး။ အခုလို ခွဲခြားနိုင်ခြင်းမျိုးမရှိပေမယ့်လည်း ဖြစ်တဲ့ လက္ခဏာအားလုံးက ပြင်းထန်မယ်ဆိုရင် ဥပမာ အဖျားကြီးချမ်းတုန်တာ၊ ခေါင်းအလွန်ကိုက်၊ ကိုယ်လက်အလွန်ကိုက်ခဲ၊ အစာမစားနိုင်၊ ရေသောက်လို့မရတဲ့အထိ လည်ချောင်းအလွန်နာတာမျိုးတွေကို သာမန်တုပ်ကွေးပဲ ဖြစ်မှာပါ၊ ကိုဗစ်မဖြစ်နိုင်ပါဘူးဆိုပြီး လျှော့မတွက်စေချင်ပါဘူး။ ရောဂါဆိုတာမျိုးက လျှော့မတွက်တာကောင်းပါတယ်။ အထူးသဖြင့် ပြည်သူအများနဲ့ဆိုင်တဲ့ ကူးစက်ရောဂါမျိုးတွေမှာ ပိုလို့အလေးထားသင့်ပါတယ်။

### အများနဲ့ဆိုင်တဲ့အတွက် တိတိကျကျဖြစ်အောင် ဆေးစစ်ကြည့်သင့်

ပြည်သူအများနဲ့ဆိုင်တယ်ဆိုတာက ကိုဗစ်- ၁၉ လိုရောဂါက ဥပမာဖြစ်ပါတယ်။ တစ်ဦးမှတစ်ဦးကို ကူးစက်တာ အလွန်မြန်တဲ့အတွက် အနည်းဆုံးတော့ ထည့်စဉ်းစားရမှာက မိမိ မိသားစု၊ တစ်အိမ်တည်းနေ အဘိုးအဘွားနဲ့ ကလေးငယ်တွေရှိနေရင်၊ ဆီးချို၊ ကင်ဆာ၊ သွေးတိုး၊ နှလုံးရောဂါ စတဲ့ နာတာရှည် ဆေးကုနေရသူတွေ ရှိနေခဲ့ရင် သူတို့အတွက် ဦးစားပေးစဉ်းစားရမှာဖြစ်ပါတယ်။ မိမိက ကိုယ်ခံစွမ်းအားကောင်းနေတဲ့ လူငယ်လူရွယ်ပိုင်းဖြစ်ပေမယ့် အသက်ကြီးသူတွေနဲ့ ကိုယ်ခံစွမ်းအားလျော့နည်းနေနိုင်တဲ့ နာတာရှည်ရောဂါသည်တွေမှာ ကိုဗစ်ဒဏ်ကော မူလရှိနေတဲ့ ရောဂါဒဏ်တွေကိုပါ ပိုပြီးခံစားရနိုင်တယ်။ ရောဂါဖြစ်တဲ့ရက် ပိုကြာနိုင်သလို ဆေးရုံတက်ရတဲ့အခြေအနေအထိ ရောက်သွားနိုင်ပြီး သေဆုံးနိုင်ခြေအန္တရာယ်လည်း ပိုများကြောင်း ယခင်ကိုဗစ်ကပ် အတွေ့အကြုံတွေအရ ပြောရမှာဖြစ်ပါတယ်။

ဒါကြောင့် ရောဂါကိုမပေါ့ဆနဲ့ဆိုတာ မိမိအတွက်အပြင် အများအတွက်လည်းပါတဲ့အတွက် တိတိကျကျ ခွဲခြားနိုင်ဖို့ နှာခေါင်းတို့ဖတ်ယူ၊ သွေးစစ်၊ ရင်ခေါင်းဓာတ်မှန်ရိုက်ခြင်းတွေ လုပ်သင့်တဲ့ Testing အပိုင်းကို ထည့်စဉ်းစားရမယ်။ ကိုဗစ်လား၊ တုပ်ကွေးလား တိတိပပ ခွဲခြားနိုင်ခဲ့ရင်ဖြစ်ဖြစ်၊ တကယ်လို့ လိုအပ်တာတွေ မစစ်ဆေးနိုင်ခဲ့ရင်လည်း အသက်ရှူလမ်းကြောင်းကတစ်ဆင့် ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ စကားပြောခြင်း၊ ပိုးကျရာမျက်နှာပြင် အသုံးအဆောင်ပစ္စည်းတွေနဲ့ ထိတွေ့မှုကတစ်ဆင့် ကူးစက်နိုင်တဲ့အတွက် ကိုဗစ်သံသယပဲဖြစ်ဖြစ်၊ တုပ်ကွေးပဲဖြစ်ဖြစ် မိသားစုနဲ့ ခပ်ခွာခွာနေ၊ သီးခြားနေ၊ လူထူထူထဲမသွား၊ ကိုယ့်အခန်းကိုယ့်နေရာမှာသာ အနားယူ၊ လိုအပ်တဲ့ ကုသမှုခံယူခြင်းသာ အကောင်းဆုံးဖြစ်ပါတယ်။ ထို့ပြင် ကိုဗစ်ရယ်လို့ တိတိကျကျသိလာခဲ့ရင် ရောဂါနဲ့ဆေး လိုအပ်တဲ့ကုသမှုကို ခံယူနိုင်တဲ့အခွင့်အလမ်းလည်း ရရှိလာမှာဖြစ်ပါတယ်။

### နာတာရှည်နှင့် High Risk Persons များအတွက် ပိုဂရုစိုက်ရမည်

ဒ့ါအပြင် မန္တလေးမြေငလျင်ကြီးအပြီးမှာ လူတွေရဲ့ စိတ်ခံစားချက်တွေ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုတွေကတစ်ဆင့် သူတို့ရဲ့ ကိုယ်ခံစွမ်းအားတွေ ကျဆင်းနေနိုင်တယ်ဆိုတဲ့ အချက်ကို ထည့်သွင်းစဉ်းစားရပါမယ်။ တစ်ချက်က အစားအသောက်၊ အနေအထိုင်၊ လူနေမှုဘဝပုံစံတွေ ပြောင်းလဲလာမှုကလည်း ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ စတဲ့ နာတာရှည်ရောဂါတွေကို ဖိတ်ခေါ်သလိုဖြစ်နေတယ်။ တကယ်လည်း ကူးစက်မှုမဟုတ်တဲ့ ဒီလိုရောဂါတွေကြောင့် လူတွေမှာ Double burden ဆိုတဲ့ ရောဂါဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းထားရသလို ဖြစ်နေတယ်။ မပြင်းထန်လှတဲ့ ကိုဗစ်ရဲ့သက်ရောက်မှုကော မူလအရင်းခံရှိနေတဲ့ နာတာရှည်ရောဂါကြီးတွေရဲ့ ဆိုးကျိုးတွေကိုပါ ပိုပြီး ပြင်းပြင်းထန်ထန် ခံစားကြရတဲ့အပြင် အသက်အန္တရာယ် ထိခိုက်နိုင်ခြေလည်း ပိုများတာ တွေ့ကြရတယ်။

ဒါကြောင့် ကျွန်တော်တို့က ကိုဗစ်တစ်ခုတည်းရဲ့ တိုက်ရိုက်ဆိုးကျိုးတွေထက် မူလနာတာရှည်ရောဂါသည်တွေ၊ အသက်ကြီးသူတွေမှာ ကိုဗစ်မတော်တဆ ဖြစ်ခဲ့ရင်ဆိုတဲ့ ပူပန်မှုမျိုးနဲ့ ကိုဗစ်ကူးစက်မှုမခံရအောင်၊ ဖြစ်လာရင်လည်း ပြင်းထန်မှုမရှိရအောင်၊ ဆေးရုံတက်ရတဲ့အနေအထားမျိုးမရောက်အောင်၊ အသက်အန္တရာယ်မရှိရအောင် ကိုဗစ်ရန်ကနေ ကြိုးစားကာကွယ်စောင့်ရှောက်သွားကြရမှာ ဖြစ်ပါတယ်။ နာတာရှည်ရောဂါသည်တွေနဲ့ အသက်ကြီးသူအများစုက ရောဂါတစ်မျိုးမဟုတ်တစ်မျိုး ရှိနေတတ်တဲ့အတွက် ဆေးရုံ၊ ဆေးခန်းနဲ့ မကင်းကြပါဘူး။ နာတာရှည်ရောဂါအတွက် ဆေးအမျိုးမျိုးသောက်နေရတာများတယ်။ တကယ်လို့များ ကိုဗစ်ကပ်သဘောမျိုးဖြစ်ခဲ့ရင် ရှိနှင့်ပြီး ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်တွေကို အခြားရောဂါတွေထက် ကိုဗစ်ကို ဦးစားပေးရတဲ့ အခြေအနေမျိုးရောက်ရှိသွားနိုင်တယ်။ အချို့ဆေးရုံ၊ ဆေးခန်းတွေ ပိတ်လိုက်ရခြင်းမျိုးတွေ ရှိနိုင်မယ်။ လူနာရှင်တွေအနေနဲ့ ပါရဂူနဲ့ ပုံမှန်ပြသနေကျအစီအစဉ်တွေ နှောင့်နှေးသွားနိုင်ခြေရှိလာမယ်။ ကိုယ်ပုံမှန်သောက်တဲ့ ဆေးဝါးအချို့ ပြတ်လပ်မှုရှိလာနိုင်တယ်။ ဒီအချက်တွေဟာ ဖြစ်ပြီးခဲ့တဲ့ ကိုဗစ်ကာလမှာ စိန်ခေါ်မှုတွေ ဖြစ်ခဲ့တဲ့အတွက် အလေးအနက်ထားပြီး ကြိုတင်ပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ✪

❛ပြည်သူအများနဲ့ဆိုင်တယ်ဆိုတာက ကိုဗစ်- ၁၉ လို ရောဂါက ဥပမာဖြစ်ပါတယ်။ တစ်ဦးမှတစ်ဦးကို ကူးစက်တာ အလွန်မြန်တဲ့အတွက် အနည်းဆုံးတော့ ထည့်စဉ်းစားရမှာက မိမိ မိသားစု၊ တစ်အိမ်တည်းနေ အဘိုးအဘွားနဲ့ ကလေးငယ်တွေရှိနေရင်၊ ဆီးချို၊ ကင်ဆာ၊ သွေးတိုး၊ နှလုံးရောဂါ စတဲ့ နာတာရှည်ဆေးကုနေရသူတွေရှိနေခဲ့ရင် သူတို့အတွက် ဦးစားပေးစဉ်းစားရမှာဖြစ်ပါတယ်။ မိမိက ကိုယ်ခံစွမ်းအားကောင်းနေတဲ့ လူငယ်လူရွယ်ပိုင်းဖြစ်ပေမယ့် အသက်ကြီးသူတွေနဲ့ ကိုယ်ခံစွမ်းအားလျော့နည်းနေနိုင်တဲ့ နာတာရှည်ရောဂါသည်တွေမှာ ကိုဗစ်ဒဏ်ကော မူလရှိနေတဲ့ ရောဂါဒဏ်တွေကိုပါ ပိုပြီးခံစားရနိုင်တယ်။ ရောဂါဖြစ်တဲ့ရက် ပိုကြာနိုင်သလို ဆေးရုံတက်ရတဲ့အခြေအနေအထိ ရောက်သွားနိုင်ပြီး သေဆုံးနိုင်ခြေအန္တရာယ်လည်းပိုများကြောင်း ယခင် ကိုဗစ်ကပ်အတွေ့အကြုံတွေအရ ပြောရမှာ ဖြစ်ပါတယ်❜

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ




နေပြည်တော် ဇွန် ၁၂

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် ကျောင်းသား ကျောင်းသူများက အွန်လိုင်းဖြင့် တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တက္ကသိုလ် တက်ရောက်နေသူများနှင့် အခြေခံပညာ အထက်တန်းအဆင့် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများထံ ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ ပညာသင်ထောက်ပံ့ငွေနှင့် စာရေးကိရိယာပစ္စည်းများ ပေးအပ်သည်။

ယနေ့ အခမ်းအနားတွင် မူလတန်းအဆင့် ၁၄၁ ဦး၊ အလယ်တန်းအဆင့် ၄၃ ဦး၊ အထက်တန်းအဆင့် ၂၈ ဦး၊ တက္ကသိုလ်အဆင့် ၁၇ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၂၂၉ ဦး အတွက် ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၁၃၀၀၃၈၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြံခင်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ကြံခင်း ဇွန် ၁၂

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့ မဟာဘောဂလမ်း၊ ဈေးတာဝန်ခံရုံးရှေ့တွင် မြို့နယ်ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးကော်မတီက ယနေ့နံနက်ပိုင်းတွင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ကြက်ဥ၊ စားအုန်းဆီနှင့်အသားများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။



အဆိုပါရောင်းချနေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး သောင်းထွဋ်လွင်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဆီကုန်သည်များအသင်းဥက္ကဋ္ဌတို့က လိုက်လံကြည့်ရှုကာ စားသုံးသူများ ဈေးနှုန်းသက်သာစွာနှင့် အဆင်ပြေစွာ ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဧရာဦးသာ**

# မြန်အောင်မြို့နယ်၌ သဘာဝဘေးအန္တရာယ် တုံ့ပြန်နိုင်ရေး အသိပညာပေး

မြန်အောင် ဇွန် ၁၂

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် မြန်အောင်မြို့ အမှတ် (၁) ရပ်ကွက် မကျီးစုတာကြီးတန်း၌နေထိုင်သူ ပြည်သူများအား သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက



အမြန်ဆုံးတုံ့ပြန် ဆောင်ရွက်နိုင်ရေး အသိပညာပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယ မီးသတ်ဦးစီးမှူး ဦးနိုင်ရဲထွေး ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ငါးဦးတို့က အမှတ်(၁) ရပ်ကွက် မကျီးစုတာကြီးတန်းနေ ပြည်သူများအား ရေကြီးရေလျှံမှုများဖြစ်ပွားလာပါက အလျင်အမြန် တုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် မိမိအိမ်တွင် အလွယ်တကူရရှိနိုင်သော ရေသန့်ဘူး၊ တီရှပ်အင်္ကျီ၊ ပလတ်စတစ်ကြိုးများဖြင့် Life jackets ပြုလုပ်နည်းကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

✪ စာမျက်နှာ ၆ မှ

ဘယ်လိုကာကွယ်ထားမလဲ၊

ဆောင်ရန်၊ ရှောင်ရန်များနှင့်အတူ

ကိုဗစ် – ၁၉ ဗီဇပြောင်းမျိုးကွဲများစွာ ဘယ်လိုရှိရှိ မိမိမှာ လက်ရှိဖြစ်နေတဲ့ရောဂါနဲ့ မိမိရဲ့ကိုယ်ခံစွမ်းအားအတက်အကျအပေါ်မူတည်ပြီး ကိုဗစ်ရဲ့ ပြင်းထန်မှုအနည်းအများနဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကို ခံစားကြရမှာဖြစ်ပါတယ်။ ကူးစက်ကပ်ရောဂါတွေရဲ့ ကြိုတင်ကာကွယ်မှုသဘောက မိမိအတွက်တင်မဟုတ် ပတ်ဝန်းကျင်က မိသားစု၊ ဆွေမျိုး၊ သူငယ်ချင်းစတဲ့ အများအတွက်လည်း စဉ်းစားပြီး ကြိုတင်ကာကွယ်မှုတွေ လုပ်ရပါတယ်။ နှာစေး၊ ချောင်းဆိုးတာလေးကအစ ဂရုစိုက်သင့်ပါတယ်။



Mask တပ်တဲ့အလေ့အထ ပြန်လုပ်သင့်တယ်။ အထူးသဖြင့် လူထူထပ်တဲ့နေရာတွေ သွားရင်ပေါ့။ ဆပ်ပြာနဲ့ မကြာခဏ လက်ဆေးတဲ့အကျင့် ပြန်လုပ်သင့်တယ်။ ပြန်အမှတ်ရသင့်တဲ့ကာကွယ်နည်းတွေပါ။ ခြောက်ပေအနည်းဆုံး အကွာအဝေး လောက်မှာ ခပ်ခွာခွာဘယ်လိုနေကြမလဲ၊ အထူးသဖြင့် နှာစေး၊ ချောင်းဆိုး၊ လည်ချောင်းနာ၊ အဖျား စတဲ့ ဖြစ်နေသူတွေနဲ့တကွ သူတို့နဲ့ နီးနီးကပ်ကပ်ရှိနေသူတွေပါ အထက်ပါကာကွယ်နည်းလမ်းတွေကို ကျင့်သုံးသင့်ပါတယ်။

> ❛ကိုဗစ် - ၁၉ ဗီဇပြောင်းမျိုးကွဲများစွာ ဘယ်လိုရှိရှိ မိမိမှာလက်ရှိဖြစ်နေတဲ့ ရောဂါနဲ့ မိမိရဲ့ကိုယ်ခံစွမ်းအားအတက်အကျအပေါ်မူတည်ပြီး ကိုဗစ်ရဲ့ ပြင်းထန်မှုအနည်းအများနဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို ခံစားကြရမှာ ဖြစ်ပါတယ်။ ကူးစက်ကပ်ရောဂါတွေရဲ့ ကြိုတင်ကာကွယ်မှုသဘောက မိမိအတွက်တင်မဟုတ် ပတ်ဝန်းကျင်က မိသားစု၊ ဆွေမျိုး၊ သူငယ်ချင်းစတဲ့ အများအတွက်လည်း စဉ်းစားပြီး ကြိုတင်ကာကွယ်မှုတွေ လုပ်ရပါတယ်။ နှာစေး၊ ချောင်းဆိုးတာလေးကအစ ဂရုစိုက်သင့်ပါတယ်❜

နောက်ထပ် ပိုသေချာတဲ့ကာကွယ်နည်းက ကိုဗစ်ကာကွယ်ဆေး ထိုးနှံခြင်းပါပဲ။ အထက်ပါ အန္တရာယ်များသူတွေ၊ High Risk Persons တွေမှာ ဦးစားပေးထိုးနှံသင့်ပါတယ်။ လူအချင်းချင်း ကူးစက်နိုင်တဲ့ရောဂါ၊ ကူးစက်မှုကလည်း မြန်ဆန်တဲ့အတွက် လူမျိုး၊ ဘာသာ၊ လူတန်းစားမရွေး နောက်ကျမကျန်ရစ်စေရေး လူတိုင်းထိုးနှံသင့်ကြတယ်။

ဒါပေမဲ့ ကာကွယ်ဆေးထိုးမယ့်သူဟာ မထိုးခင်မှာ Check List နဲ့တကွ ကြိုတင်သိရှိထားရမယ့် အချက်တွေလည်း ရှိပါတယ်။ ဘယ်လိုအမျိုးအစား ကာကွယ်ဆေးလဲ၊ ထိုးနှံပြီးအကြိမ်အရေအတွက်၊ ထိုးမယ့်နေ့မှာ ဖျားနာနေခြင်း ရှိ၊ မရှိ၊ မိမိနဲ့ဓာတ်မတည့်တဲ့ သောက်ဆေး၊ ထိုးဆေး၊ ဆီးချို၊ ကင်ဆာလို ရောဂါနဲ့ ကိုယ်ခံအားစနစ်ချို့ယွင်းစေတဲ့ ရောဂါတွေ၊ ဆေးဝါးတွေသောက်သုံးနေရသလား၊ ယခင်ကိုဗစ်ဖြစ်ခဲ့ဖူးလို့ နှလုံး၊ အဆုတ်တို့မှာ သွေးခဲပြဿနာဖြစ်ခဲ့ဖူးသလား၊ ယခင်တစ်နှစ်အတွင်း ဗိုင်းရပ်စ်ကုသဆေးတစ်မျိုးမျိုး၊ တစ်လအတွင်း ကာကွယ်ဆေး၊ ထိုးဆေး၊ သောက်ဆေးတွေ အသုံးပြုခဲ့ရဖူးသလား စတဲ့ အခြေအနေကိုလည်း ဆရာဝန်နဲ့ တိုင်ပင်ထားဖို့လိုပါတယ်။

အချုပ်အားဖြင့် စိုးရိမ်ဖို့မလိုပေမယ့် မပေါ့ဆဖို့တော့ သတိပေးပါရစေ။ အဓိကအချက်က ပိုးမဝင်အောင်နဲ့ ဝင်လာရင်လည်း တွန်းလှန်နိုင်ဖို့ပါ။ ကိုဗစ်ကို ခုခံကာကွယ်ရင်း အခြားအခြားသော ရောဂါဘယများစွာကိုလည်း ရင်ဆိုင်နိုင်ဖို့ ဆောင်ရန်၊ ရှောင်ရန်များစွာကို သတိမပြတ် လုပ်ဆောင်လျက် မိမိကိုယ်ခံစွမ်းအားမြင့်မားအောင် တည်ဆောက်နေကြဖို့လိုပါမယ်။ ဆေးလိပ်သောက်သူဆိုရင် ဆေးလိပ်ဖြတ်ပါ၊ အဆုတ်ပျက်စီးမှုကို ကာကွယ်ဖို့၊ ချိုလွန်း၊ ငန်လွန်းတဲ့အစားအစာတွေကိုရှောင်ပြီး ကျန်းမာလတ်ဆတ်တဲ့ အသား၊ သီးနှံ၊ မီးဖိုချောင်သုံး ဆေးဖက်ဝင်ပစ္စည်းတွေနဲ့ ဟင်းသီးဟင်းရွက်တွေ နေ့စဉ်စားပေးပါ၊ ရေသောက်ဖို့မမေ့ပါနဲ့၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း နေ့စဉ်လှုပ်ရှားပြီး အိပ်ရေးဝဝအိပ်ပါ၊ စိတ်ဖိစီးမှုလျှော့၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဖိစီးမှုလျော့အောင် သမထပွား၊ ဘာသာရေးအလေ့အထများပြုလုပ်ပေးပါ။ ဒီအချက်တွေဟာ ကိုယ်ခံစွမ်းအားကို မြှင့်ပေးပြီး ခန္ဓာကိုယ်အတွင်း ဘယ်လိုပိုးဗိုင်းရပ်စ်တွေဝင်လာမလဲ၊ ဖြစ်နိုင်သမျှ မြန်နိုင်သမျှ တွန်းလှန်ပေးသွားပါလိမ့်မယ်။ ။

# ကရင်ပြည်နယ်၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဘေဘုတ်စိုက်ထူ

ဘားအံ ဇွန် ၁၂

ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ၏ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဘေဘုတ်စိုက်ထူပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့အဝင် သံလွင်တံတားထိပ်ရှိ ရတနာဆင်ဖြူတော်လေးစီး ပါဝင်သော ဖားစည်အဝိုင်း၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဝင်များက "တိုးတက်မှုများထင်ရှားလည်း ပိုမိုဆောင်ရွက်ဖို့ ကြိုးပမ်းမှုအရှိန်အဟုန်မြှင့်တင်စို့" ဆောင်ပုဒ်ပါ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ ဘေဘုတ်ကို စိုက်ထူ၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အခမ်းအနားသို့ တက်ရောက်ပြီး ကလေးအလုပ်သမားဖြစ်စေသည့် အခြေခံအကြောင်းရင်းများကို ဖော်ထုတ်ပြီး ဖြေရှင်းဆောင်ရွက်ပေးမည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါက ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးအတွက် တွန်းအားတစ်ရပ်ဖြစ်လာနိုင်ကြောင်း၊ ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို အဓိကထားဆောင်ရွက်ပြီး လုပ်ငန်းကော်မတီအချင်းချင်း၊ သက်ဆိုင်ရာဌာနများ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး ခင်းကျင်းပြသထားသည့် ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာစိုက်ထူ

လှိုင်ကော် ဇွန် ၁၂

ကယားပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ၂၀၂၅ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာစိုက်ထူပွဲကို ယနေ့နံနက် ၈ နာရီက လှိုင်ကော်မြို့ အလက(၂) ကျောင်းရှေ့၌ ကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီမှ




အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အထိမ်းအမှတ် ပိုစတာအား ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အသိအမြင်ဗဟုသုတများ၊ အများပြည်သူများအကြား ပိုမိုသိရှိနိုင်စေရန် ရည်ရွယ်၍ စိုက်ထူခြင်းဖြစ်ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# ပုသိမ်မြို့၌ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဘေဘုတ်စိုက်ထူ

ပုသိမ် ဇွန် ၁၂

ကမ္ဘာ့ကလေး အလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဘေဘုတ်စိုက်ထူခြင်းကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက် မဟာဗန္ဓုလလမ်းပေါ်ရှိ ဘိုးဘွားရိပ်သာလမ်းထိပ်၌ ဧရာဝတီတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ကော်မတီဝင်များဖြင့် စိုက်ထူခဲ့သည်။



ထို့နောက် အသိပညာပေး ဆွေးနွေးခြင်းကို မွန်းလွဲပိုင်းတွင် ပုသိမ်စက်မှုဇုန်ရှိ Huabo Times အထည်ချုပ်စက်ရုံတွင် ပြုလုပ်ခဲ့ရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေပါ ကလေးအလုပ်သမားနှင့် သက်ဆိုင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထားဝယ်မြို့၌ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး



ထားဝယ် ဇွန် ၁၂

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးစစ်ဆေးရေးမှူး ဒေါ်သန်းသန်းအေးက ကလေးအလုပ်သမားအဓိပ္ပာယ်၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းအဓိပ္ပာယ်၊ ကလေးအလုပ်သမားဖြစ်ပေါ်စေသည့် အကြောင်းတရားများ၊ မူဝါဒနှင့်ဥပဒေအကြောင်းအရာ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအမျိုးသားအဆင့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မှု စသည့်တို့ကို အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မန္တလေးမြို့၌ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မန္တလေး ဇွန် ၁၂

ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဖြိုးဝေဇော်က အသက် ၁၈ နှစ်အောက် ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းဆိုင်ရာအကြောင်းအရာများ၊ ကလေးအလုပ်သမားဖြစ်ပေါ်စေသည့် အခြေခံအကြောင်းတရားဆိုင်ရာများ၊ ကလေးအလုပ်သမားမူဝါဒနှင့် ဥပဒေအကြောင်းများ၊ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်(၈)ရပ် အကြောင်းအရာများနှင့် ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် အလုပ်ရှင်၊ အလုပ်သမားများက အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**❂ သခင်ဖိုးလှကြီးဒိုင်းမှ**

ဆုကြေးအဖြစ် ပထမဆု ကျပ်သိန်း ၁၀၀၊ ဒုတိယဆု ကျပ် ၇၅ သိန်း၊ ပွဲစဉ်အလိုက်အကောင်းဆုံးဆု (MOM) ကျပ်တစ်သိန်း၊ ဗိုလ်လုပွဲအကောင်းဆုံးဆု ငါးဆုကို ကျပ်နှစ်သိန်းစီချီးမြှင့်မည်ဖြစ်၍ ပြိုင်ပွဲဝင်မည့်အသင်းများအနေဖြင့် ဖုန်း ၀၉-၄၀၀၄၂၅၆၉၇ နှင့် ၀၉-၅၃၄၁၈၉၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။

**ကိုထက်**

# ပဲခူးမြို့၌ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအခမ်းအနား ကျင်းပ

ပဲခူး ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအခမ်းအနားကို ပဲခူးမြို့၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပသည့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအခမ်းအနားကို သွားရောက်၍ ကျောင်းသား ကျောင်းသူများ အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက်ခွဲခြားစွန့်ပစ်သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်သည့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲအခမ်းအနားကို ပဲခူးမြို့ မြို့မဈေးကြီးအတွင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတို့၌ ဆက်လက်ကျင်းပခဲ့ကြသည်။

အဆိုပါ အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် သရုပ်ပြပွဲ ကျင်းပပေးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်တွင် ပလတ်စတစ်ညစ်ညမ်းမှု လျှော့ချပေးနိုင်ခြင်း၊ အမှိုက်ပမာဏကို လျှော့ချနိုင်ခြင်းနှင့် ပြန်လည်တီထွင် အသုံးပြုနိုင်ရန်အတွက် အခွင့်အလမ်းအများအပြား ရရှိနိုင်ခြင်းတို့အပြင် လူသားတို့နေထိုင်ရာ ကမ္ဘာ့မြေထု၊ လေထု၊ ရေထုအတွင်း မှီတင်းနေထိုင်သည့် သက်ရှိသတ္တဝါများအတွက် အစာကွင်းဆက်ကောင်းမွန်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# တောင်ကြီးမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးဆောင်ရွက်ခြင်းနှင့် မဲပေးစက်လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်

တောင်ကြီး ဇွန် ၁၂

မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမြင့်ဦး၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်မြင့်ဝင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက အမှာစကားပြောကြားပြီး မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့် ပတ်သက်၍ ရှင်းလင်းပြီး လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# လှည်းကူးမြို့နယ်၌ မိုးစပါး ၈၁၅၆၉ ဧက လျာထားစိုက်ပျိုးမည်

လှည်းကူး ဇွန် ၁၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် မိုးစပါးစိုက်ဧက ၈၁၅၆၉ လျာထားစိုက်ပျိုးမည်ဖြစ်ပြီး လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရန်အတွက် တာဝန်ရှိသူများက တောင်သူအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လှည်းကူးမြို့နယ်တွင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ကြီးကြပ်စီမံဆောင်ရွက်မှုဖြင့် တောင်သူများလိုက်နာရမည့် နည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများကအသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းလျက်ရှိ

နေပြည်တော် ဇွန် ၁၂

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၁၂-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၆-၂၀၂၅ ရက်နေ့မှ ၁၈-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြမြေပုံ



# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းများဖြစ်သော နှစ်(၇၀၀)ပြည့်အားကစားကွင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်း၊ ဝန်ထမ်းအိမ်ရာ ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းနှင့် စကုမော်ငလျင်ဘေးဒဏ်သင့် ပြည်သူများ စောင့်ရှောက်ရေးစခန်းများရှိ အိမ်ထောင်စု စုစုပေါင်း ၇၉၇ စုတို့အား သွားရောက်တွေ့ဆုံပြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ၎င်းတို့နေအိမ်များကို ဖယ်ရှားရှင်းလင်းပြီး မူလနေရာများတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သောကျောင်းဆောင်အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေသည့်အခြေအနေများနှင့် တက္ကသိုလ်ပုရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများ သောက်သုံးရန် ရေသန့်စက် ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ယာယီကျောင်းဆောင်ဆောက်လုပ်နေမှုအခြေအနေများ၊ ရောဝတီတံတား (ရတနာပုံ) စစ်ကိုင်းဘက်တံတားအောက်ရှိရေဝပ်သည့်နေရာများတွင် စက်ယန္တရားကြီးများဖြင့် မြေဖို့ခြင်းနှင့် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ရန်အောင်မြင်ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် သကျဓီတာသီလရှင်စာသင်တိုက်တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများကို အရှိန်အဟုန်မြှင့်အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောအန္တရာယ်ရှိ လူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန် အဆောက်အအုံများကို လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ဖြိုချပြီးအပျက်အစီးများအား အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ် ဒေဝန်းအရှေ့ရပ်ကွက်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မကျောင်းဆောင်နှင့် သိမ်ကျောင်းနေရာများရှိ ဖြိုချပြီးအပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှု၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ကုလားကျောင်းကျေးရွာအုပ်စုရှိ အရှေ့ရွာနန်းပုဂံကျောင်းတွင် ငလျင်ဒဏ်ကြောင့် ဘုရားစေတီများ ထိခိုက်ပျက်စီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်းကျေးရွာရှိ မဟာသကျရုံသီကျောက်တော်ကြီးမြတ်စွာဘုရားများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စိန်ဖူးတော်များနှင့် ဌာပနာပစ္စည်းများအား သိမ်းဆည်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အပျက်အစီးများ စတင်ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ဘုရားပုရိဝုဏ်အတွင်း ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ မှန်တန်းရပ်ရှိ မဏိဇောတဓမ္မရိပ်သာကျောင်းတိုက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းများတွင် ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ယင်းနောက် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း၊ ဦးပွားစေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ကျောင်းတိုက်အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီအပျက်အစီးများအား တပ်မတော်သားစစ်သည်များက အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ကုလားကျောင်းကျေးရွာအုပ်စုရှိ အရှေ့ရွာနန်းပုဂံကျောင်းတွင် ငလျင်ဒဏ်ကြောင့် ဘုရားစေတီများ ထိခိုက်ပျက်စီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျောက်ဆည်မြို့ မြင်စိုင်းမြို့ဟောင်းမြို့ကွက်(ဂ)အတွင်းရှိ နန်းဦးဘုရားပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ငြမ်းဆင်နေမှုအခြေအနေများ၊ ပတ္တာကျေးရွာအုပ်စုရှိ ရွာဦးဘုန်းကြီးကျောင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ အမှတ် (၆) အခြေခံမူလတန်းကျောင်း၌ G-1 နှင့် G-2 ကျောင်းသား ကျောင်းသူများအား ROTARY CLUB အဖွဲ့က စာရေးကိရိယာများ ပေးအပ်နေမှုအခြေအနေကိုလည်းကောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ပြီး ဒေသခံပြည်သူများ၏တင်ပြချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်၊ ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအဆောက်အအုံများ ဖြိုချပြီး အပျက်အစီးများအပြီးသတ်ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# တနင်္သာရီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး စုပေါင်းသွေးလှူဒါန်းနေမှုအား ကြည့်ရှုအားပေး

ထားဝယ် ဇွန် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးက ဦးဆောင်၍ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန အပေါ်ထပ် အမျိုးသားသွေးလှူဘဏ်၌ ကျင်းပသည်။




အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွေးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး သွေးလှူဒါန်းကြသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလားတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်ရုံးများမှ ဝန်ထမ်းများ စုစုပေါင်း ၂၀ တို့က သက်ဆိုင်ရာ အမျိုးသားသွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟသ်ာတမြို့နယ်၌ စုပေါင်းသွေးလှူဒါန်း

ဟသ်ာတ ဇွန် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ဟသ်ာတခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ယနေ့နံနက် ၉ နာရီခွဲက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဖြိုးဝေဝင်းက သွေးလှူဒါန်းခြင်းကြောင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများနှင့် လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဟသ်ာတခရိုင် ဦးစီးမှူး ဒေါ်သီတာအောင်က စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ထမ်း ၁၂ ဦးတို့က သွေးလှူဒါန်းကြရာ သွေးလှူဒါန်းသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက နွားနို့၊ ကြက်ဥ၊ ကိတ်မုန့်၊ သွေးအားတိုးဆေးနှင့် Royal-D အားဖြည့်အချိုရည်တို့အား ပေးအပ်ကြသည်။ ဆက်လက်၍ ဟသ်ာတသွေးလှူဘဏ်အတွက် မတည်ငွေပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ နှင့် ကျောက်ကပ်ဝေဒနာရှင် ကိုးဦးအတွက် လှူဒါန်းငွေကျပ် ၁၈၀၀၀၀ တို့အား ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# မိုးညှင်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

မိုးညှင်း ဇွန် ၁၂

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ခရိုင်/မြို့နယ် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။



**လှူဒါန်း**

မိုးညှင်းခရိုင်/မြို့နယ်ရုံးများမှ ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုများ ပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်းနှင့် လိုအပ်သည်များကို ပြုလုပ်ခဲ့ကြပြီး သွေးများ စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို မိုးညှင်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်တာဝန်ခံ ဦးအောင်ကျော်စိုးမိုး၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးသန်းနိုင်နှင့် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းထွတ်ဝင်းတို့က လိုက်လံကြည့်ရှု အားပေးကြပြီး သွေးလှူဒါန်းကြသည့် ဝန်ထမ်းများအား ကြက်ဥ ၁၀ လုံး၊ နွားနို့တစ်ဘူး၊ အားဖြည့်အချိုရည်ဘူးများနှင့် ဖီးကြမ်းငှက်ပျောသီးများ ပါဝင်သည့် အာဟာရဖြည့်စွက် အစားအစာများကို လှူဒါန်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

# ဟားခါးမြို့၌ စုပေါင်းသွေးလှူဒါန်း

ဟားခါး ဇွန် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀) ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက် ၈ နာရီခွဲတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချင်းပြည်နယ်ဦးစီးမှူး ဦးရဲဇင်လတ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ချင်းပြည်နယ်ဦးစီးမှူး ဒေါက်တာချမ်းငြိမ်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးမှ ဝန်ထမ်းများက သွေးများလှူဒါန်းကြရာ သွေးလှူဒါန်းသော ဝန်ထမ်းများအား ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ချင်းပြည်နယ်ဦးစီးမှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ချင်းပြည်နယ်ဦးစီးမှူးတို့က အာဟာရဖြည့်အစားစာများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြဝတီမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

မြဝတီ ဇွန် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှစ်(၃၀) ပြည့် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၉ နာရီက စုပေါင်းသွေးလှူဒါန်းပွဲကို မြဝတီမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းဆောင်ရွက်သည်။



**စုပေါင်းသွေးလှူဒါန်း**

ဦးစွာ စုပေါင်းသွေးလှူဒါန်းပွဲကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြဝတီခရိုင် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်း ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်အဆင့် ဝန်ထမ်း ငါးဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့နောက် မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် အဖွဲ့ဝင်များ၊ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းတို့က စုပေါင်းသွေးလှူဒါန်းသည့် အရာထမ်း၊ အမှုထမ်းတို့အား ကြည့်ရှုအားပေးစကားပြောကြားပြီး သွေးအလှူရှင် တစ်ဦးလျှင် ဖြည့်စွက်အာဟာရဖြည့် ကြက်ဥ၊ ငှက်သိုက်၊ နွားနို့နှင့် ငွေကျပ် ၅၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကျောက်ပန်းတောင်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

ကျောက်ပန်းတောင်း ဇွန် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နှစ်(၃၀)ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်မှူးရုံးမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် ကျောက်ပန်းတောင်း မြို့နယ်မှူးရုံးမှ ဝန်ထမ်း ငါးဦးတို့က ဇီဝိတဒါန သွေးလှူဒါန်းခဲ့ကြပြီး သွေးလှူရှင်ဝန်ထမ်းများအား မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်၊ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ပေးအပ်ကြသည်။ သွေးလှူဒါန်းမှုကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ကျော်ထူးမြတ်နှင့် တာဝန်ကျ ဆရာ ဆရာမများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၊ ကျောက်တန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




**နေပြည်တော် ဇွန် ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝေဠုဝန်ကျောင်းတိုက်အတွင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သောသံဃာတော်များအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၁၇ ပါးနှင့် ဒေသခံပြည်သူ ၁၃၁ ဦးတို့ကို ကျေးရွာရှိ ပေါ်တော်မူအောင်ဓမ္မရိပ်သာကျောင်းတိုက်၌ လည်းကောင်း၊ တွံတေးမြို့နယ် ပဒါန်းရေကျော် ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိသံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၄၆ ဦးတို့ကို ကျေးရွာရှိ ရေကျော်ကျောင်းတိုက်၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အင်းစိန်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲ

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ် ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေး ကြေညာချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေး ကြေညာချက်ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသန်းထွန်းတို့က ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်း ရေးဆွဲရေးဦးစီးဌာနတို့ပူးပေါင်း၍ အင်းစိန်မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ မိတ္ထီလာ-တောင်ကြီးလမ်းမှ ကြက်မောက်-ဇီးတောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**သာစည် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မိတ္ထီလာ-တောင်ကြီးလမ်းမှ ကြက်မောက်-ဇီးတောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း(၀/၂)မိုင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းက ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ လုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၁၁၃ ဒသမ ၄၂၈ သန်းဖြင့် လမ်းအရှည်(၀/၂)မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် မိတ္ထီလာခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်တို့က ကြည့်ရှုစစ်ဆေးသည်။

**မြို့နယ်(ပြန်/ဆက်)**



# သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာအုပ်စု အလိမ္မာစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**သဲကုန်း ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက မတည်ငွေကျပ်သိန်း ၁၅၀ ဖြင့်"အလိမ္မာ" ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ရွှေဝါဖူး၊ သဲကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မိုးဇော်၊ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးစိုးဇော်လှိုင်နှင့် ရပ်မိရပ်ဖ ဦးဝင်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ZEEKR 001 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Shwe Thway Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD YUAN PLUS အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြန်အောင်မြို့နယ်၌ စားအုန်းဆီ၊ ဆန်နှင့် ကြက်ဥများကို ဈေးနှုန်းသက်သာစွာရောင်းချ

**မြန်အောင် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၁) ရပ်ကွက်၌ စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် ယနေ့နံနက်ပိုင်းက စားအုန်းဆီ၊ ဆန်နှင့် ကြက်ဥများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးသည်။

မြန်အောင်မြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၆၈၅၀ နှုန်းဖြင့် စားအုန်းဆီ ပိဿာ ၂၈၆၀၊ ဆင်းသုခဆန်တစ်ပြည် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဆန် ၁၀ အိတ်၊ ကြက်ဥတစ်လုံး ငွေကျပ် ၃၀၀ နှုန်းဖြင့် ကြက်ဥ အလုံး ၁၀၀၀ ရောင်းချခဲ့ရာ မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အောင်၊ မြန်အောင်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**



# အိန္ဒိယမှ ဗြိတိန်သို့ ထွက်ခွာလာသည့် လူ ၂၄၂ ဦး လိုက်ပါလာသော လေယာဉ်ပျက်ကျ

**နယူးဒေလီ ဇွန် ၁၂**

အိန္ဒိယနိုင်ငံ အနောက်ပိုင်းဂူဂျာရတ်ပြည်နယ်၊ အမီဒါဘတ်မြို့ရှိ ဆာဒါဗလာဘီဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဂက်ဝစ်လေဆိပ်သို့ ထွက်ခွာလာသည့် အိန္ဒိယလေကြောင်းပိုင် လေယာဉ်တစ်စင်းသည် လေဆိပ်မှ ပျံတက်ပြီး မကြာမီအချိန်တွင် ပျက်ကျခဲ့ကြောင်း တာဝန်ရှိသူများက ဇွန် ၁၂ရက်တွင် ပြောကြားသည်။

ဘိုးရင်း ၇၈၇ အမျိုးအစားလေယာဉ်သည် အမီဒါဘတ်မြို့မှ မွန်းလွဲ ၁ နာရီ ၃၈ မိနစ်အချိန်တွင် ခရီးသည်နှင့်လေယာဉ် အမှုထမ်းစုစုပေါင်း ၂၄၂ ဦးကို တင်ဆောင်၍ ထွက်ခွာခဲ့ကြောင်းအိန္ဒိယလေကြောင်းလိုင်း၏ ပြောကြားချက်အရ သိရသည်။ လေယာဉ်ပေါ်တွင် အိန္ဒိယနိုင်ငံသား ၁၆၉ ဦး၊ ဗြိတိန်နိုင်ငံသား ၅၃ ဦး၊ ကနေဒါနိုင်ငံသားတစ်ဦးနှင့် ပေါ်တူဂီနိုင်ငံသား ခုနစ်ဦးတို့ စီးနင်းခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ အမီဒါဘတ်မြို့မှ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ထွက်ခွာလာသည့် အဲအိန္ဒိယလေကြောင်းလိုင်း ခရီးစဉ် ၁၇၁ သည် ယခုကဲ့သို့ ဝမ်းနည်းဖွယ် မတော်တဆမှုနှင့်ကြုံတွေ့ခဲ့ရသဖြင့် ယခုဖြစ်စဉ်တွင် သေဆုံးသူများ၏ မိသားစုဝင်များနှင့် ထပ်တူဝမ်းနည်းကြေကွဲပါကြောင်း အဲအိန္ဒိယလေကြောင်းလိုင်း အကြီးအကဲ အင်န်ချန်ဒရာ ဆီကရမ်က ပြောကြားသည်။ အရေးပေါ်တုံ့ပြန်ရေးစင်တာကို ဖွင့်လှစ်ထားပြီး ခရီးသည်များ၏ မိသားစုဝင်များသတင်းအချက်အလက်များရရှိစေရေး ဆောင်ရွက်ထားကြောင်း ၎င်းက ပြောကြားသည်။ ၎င်းလေယာဉ်သည် ကောင်းကင်အထက် ၈၂၅ ပေခန့်သို့ရောက်ရှိချိန်တွင် ရုတ်တရက်ထိုးကျပြီး လေဆိပ်အနီးရှိ ဆေးကောလိပ်၏ အဆောင်ပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မြေပြင်ပေါ်ရှိ အခင်းဖြစ်ပွားရာနေရာတွင်လည်း ဒဏ်ရာရရှိသူများ ရှိနိုင်သဖြင့် အခင်းဖြစ်နေရာသို့





ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား စေလွှတ်ခဲ့သည်။ မီဒီယာများတွင် အခင်းဖြစ်နေရာမှ မီးခိုးလုံးများတက်လာသည်ကို ထုတ်လွှင့်ပြသခဲ့သည်။ ဖြစ်စဉ်တွင် ဒဏ်ရာရရှိသူများကို သယ်ယူနိုင်ရန်အတွက် ဆေးရုံကားများကိုလည်းစေလွှတ်ခဲ့ကာ မီးငြိမ်းသတ်ရေးအတွက် မီးသတ်ကားများကိုလည်း စေလွှတ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**





# အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်၌ ညမထွက်ရအမိန့်ထုတ်ပြန်

**ဝါရှင်တန် ဇွန် ၁၂**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် ဆန္ဒဖော်ထုတ်မှုများ များပြားလာသဖြင့် ဇွန် ၁၂ ရက်တွင် ညမထွက်ရအမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဝါရှင်တန်ပြည်နယ်ရှိ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများ အလုပ်လုပ်ကိုင်ရာ လုပ်ငန်းခွင်များသို့လည်း တာဝန်ရှိသူများက ဝင်ရောက်ဖမ်းဆီးမှုများရှိခဲ့သည်။

လော့အိန်ဂျလိစ်မြို့လယ်ရှိ အစိုးရအဆောက်အအုံများတွင် ဆန္ဒဖော်ထုတ်မှုများရှိခဲ့သည်။ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၄၀၀၀ ခန့်အား လော့အိန်ဂျလိစ်ဒေသတွင် သမ္မတထရမ့်၏ ညွှန်ကြားချက်ဖြင့် တာဝန်ချထားသည်။ လာမည့် ၄၈ နာရီအတွင်း ၎င်းဒေသတွင် မရိန်းတပ်ဖွဲ့ဝင် ၇၀၀ခန့်အား အင်အားထပ်မံဖြည့်မည်ဖြစ်သည်။ ယခုကဲ့သို့ တပ်ဖွဲ့ဝင်များအား တာဝန်ချထားခြင်းဖြင့် တင်းမာမှုများမြင့်တက်လာမည်ဟု ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး ဂေဗင် နျူဆင်နှင့် လော့အိန်ဂျလိစ်မြို့တော်ဝန် ကယ်ရင်ဗတ်စ် တို့က ပြောကြားသည်။ တာဝန်ရှိသူများ၏ ဝင်ရောက်ဖမ်းဆီးမှုများကို ဆန့်ကျင်သည့်အနေဖြင့် ဝါရှင်တန်ဒေသ ဆပိုကမ်းမြို့တွင် ဆန္ဒဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ဆန္ဒဖော်ထုတ်သူ ၃၀ ခန့် ထိန်းသိမ်းခံခဲ့ရသည်။ ဆပိုကမ်းမြို့တွင် ညမထွက်ရအမိန့် ထုတ်ပြန်ကြေညာခဲ့ကြောင်း မြို့တော်ဝန်က ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# ဂါဇာဒေသ၌ အင်တာနက်လိုင်းများပြတ်တောက်

**ဂျေရုဆလင် ဇွန် ၁၂**

ဂါဇာဒေသတွင် အင်တာနက်လိုင်းများ ပြတ်တောက်နေကြောင်း ပါလက်စတိုင်း ဆက်သွယ်ရေးကော်မရှင်က ဇွန် ၁၂ ရက်တွင် ပြောကြားသည်။

အင်တာနက် ကေဘယ်လ်လိုင်းများ တိုက်ခိုက်ခံရခြင်းကြောင့် အင်တာနက်ကွန်ရက်များ ပြတ်တောက်ခြင်းဖြစ်ကြောင်း ၎င်းကော်မရှင်က ပြောကြားသည်။

ယခုကဲ့သို့ အင်တာနက်လိုင်းများ ပြတ်တောက်ခြင်းဖြင့် ဆေးဝါးဆိုင်ရာနှင့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို ထိခိုက်နိုင်ကြောင်းနှင့် ဂါဇာဒေသအား ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြတ်စေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အစ္စရေးထိန်းချုပ်ထားသည့် ဒေသများတွင် အင်တာနက်လိုင်းများ ပြတ်တောက်နေသဖြင့် အမြန်ဆုံးပြုပြင်ရန်လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဂါဇာဒေသတွင်ဖြစ်ပွားသည့် လက်နက်ကိုင်ပဋိပက္ခအတွင်း ဒေသခံ ၅၅၂၀၇ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ပေကျင်း နိုင်ငံတကာစာအုပ်ပွဲတော် ကျင်းပမည်

**ပေကျင်း ဇွန် ၁၂**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဇွန် ၁၈ ရက်မှ ၂၂ရက်အထိကျင်းပမည့် (၃၁)ကြိမ်မြောက် ပေကျင်းနိုင်ငံတကာစာအုပ်ပွဲတော်တွင် နိုင်ငံနှင့်ဒေသ ၈၀ မှ ဝင်ရောက်ပြသသူ ၁၇၀၀ခန့်က တရုတ်နိုင်ငံနှင့် နိုင်ငံတကာမှ စာအုပ် ၂၂၀၀၀၀ကို ဝင်ရောက်ပြသမည်ဖြစ်ကြောင်း ၎င်းပွဲတော်စီစဉ်သူများ၏ ဇွန် ၁၂ရက် သတင်းစာရှင်းလင်းပွဲအရ သိရသည်။

၎င်းစာအုပ်ပွဲတော်တွင် ဂုဏ်ထူးဆောင်ဧည့်နိုင်ငံအဖြစ် မလေးရှားနိုင်ငံက ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းပြပွဲတွင် ပြခန်းများအတွက် စတုရန်းမီတာ ၆၀၀၀၀ ရှိသည့် ပြခန်းပြသရန် နေရာသတ်မှတ်ထားပြီး ဆိုက်ပရပ်၊ဘယ်လာရုစ်နှင့် ချီလီနိုင်ငံများမှ ဝင်ရောက်ပြသမည်ဖြစ်သည်။ ၎င်းစာအုပ်ပွဲတော်တွင် အထူးပြခန်းအဖြစ် တရုတ်နိုင်ငံ၏ ဖက်ဆစ်ဂျပန်တော်လှန်ရေးအောင်ပွဲ နှစ် (၈၀)ပြည့်မြောက်သည့် အထိမ်းအမှတ်ပြခန်းနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအထိမ်းအမှတ်ပြခန်းများကို ပြသမည်ဖြစ်သည်။ ၎င်းပွဲတော်တွင် နိုင်ငံတကာထုတ်ဝေသူများ၏ ညီလာခံနှင့် မူပိုင်ခွင့်ဆိုင်ရာပြပွဲများကိုလည်း ပြသမည်ဟုသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် တုံ့ပြန်မည်ဟု အီရန်ပြောကြား

**တီဟီရန် ဇွန် ၁၂**

အီရန်သည် ၎င်း၏ နျူကလီးယားမပြန့်ပွားရေးအတွက် လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက ဆုံးဖြတ်ချက်ချခဲ့ပြီးနောက် ၎င်းဆုံးဖြတ်ချက်အပေါ် တုံ့ပြန်ဆောင်ရွက်မည်ဟု အီရန်က ယနေ့တွင် ပြောကြားခဲ့သည်။

အီရန်အနေဖြင့် နိုင်ငံအတွင်းရှိ လုံခြုံစိတ်ချရသည့်ဇုန်တစ်ခုတွင် ယူရေနီယံသတ္တုသန့်စင်သည့် စင်တာတစ်ခု တည်ထောင်မည်ဖြစ်ကာ ဖော်ဒိုနျူကလီးယားစက်ရုံတွင်လည်း ပြုပြင်မှုများကို ဆောင်ရွက်မည်ဟု အီရန်အဏုမြူစွမ်းအင်အဖွဲ့အစည်းက ပြောကြားသည်။ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ ယခုဆုံးဖြတ်ချက်အပေါ် သေချာစွာ တုံ့ပြန်ဆောင်ရွက်မည်ဖြစ်ပြီး တုံ့ပြန်မည့် အစီအစဉ်များကို နောက်ပိုင်းကာလတွင် ကြေညာမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အီရန်အဏုမြူစွမ်းအင်အဖွဲ့အစည်းတို့က ပြောကြားသည်။ ယခု အီရန်အပေါ် ချမှတ်သည့် ဆုံးဖြတ်ချက်သည် အမေရိကန်၊ ပြင်သစ်၊ ဂျာမနီနှင့် ဗြိတိန်တို့၏ ကျိုးကြောင်းဆင်ခြင်မှုကင်းမဲ့စွာချမှတ်သည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အီရန်အဏုမြူစွမ်းအင်အဖွဲ့အစည်းတို့က ပြောကြားသည်။ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ ယခုဆုံးဖြတ်ချက်သည် အဓိပ္ပာယ်ကင်းမဲ့ပြီး အီရန်၏ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းရေးအတွက် အသုံးပြုလိုသည့် ဆန္ဒကို ဆန့်ကျင်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးဗဂါအီက ပြောကြားသည်။ အီရန်သည် ယူရေနီယံသတ္တုအများအပြားကို နိုင်ငံအတွင်းရှိ နေရာအများအပြား၌ သိမ်းဆည်းထားကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အစီရင်ခံစာ ထုတ်ပြန်ခဲ့ပြီးနောက် ယခုဆုံးဖြတ်ချက်ကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီက ချမှတ်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရားမဝင် မီးသွေး၊ Moissanite စိန်၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စိန်ဟုယူဆရသော Moissanite စာတန်းပါ ရောင်စုံကျောက်ပွင့် ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဇွန် ၁၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၀ ရက်တွင် မော်လမြိုင်မြို့ မြေနီကုန်းကားဝင်း ရွှေစင်ကြယ်ကားဂိတ်၊ PK ကားဂိတ်နှင့် Universal ကားဂိတ်တို့အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၂၂၀၀၀)ကိုလည်းကောင်း၊ ဇွန် ၁၁ ရက်တွင် သံလွင်တံတား(မော်လမြိုင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၃၅၉၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၁ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးကျောက်ခဲ (အရွယ်စုံ၊ ဆိုဒ်စုံ) ၅၆ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Windom တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုင်းတုံမြို့ရှောင်လမ်း ကျိုင်းဖောင်းကျေးရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၃၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းလှမြို့နယ် တောင်ဦးကျေးရွာအနီး၌ တရားမဝင် မီးသွေး ၈ ဒသမ ၅၃၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ဒဂုံမြို့နယ် အမှတ်(၂)လမ်းမကြီး သံလမ်းအနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၁၂၄၆၃၁)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head နှစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၇၁၂၄၆၃၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၁ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၉ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၈၇ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၀၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၃၆၃၈၁၃၁)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၆-၂၀၂၅ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ စာပဒေသာ...ဝေဆာစေမည်
- ၀၉:၁၀ နိုင်ငံ့စီးပွားအလေးထား MSME လုပ်ငန်းများ
- ၁၉:၃၅ Soccer View
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၁၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လှုစွမ်းကောင်းများခေတ်' (အပိုင်း-၃၆)
- ၁၅:၁၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၄၀ မျိုးဝကျတင့်စေဆိုကရေးတီးအငွေ
- ၁၇:၀၅ Weekly Sports Info
- ၁၇:၂၅ လေ့လာစရာစုံလင်...အမိမြန်ပြည်တစ်ခွင် 'ကမ္ဘာပတ်မယ့်...မြန်မာ GASKET'
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'ငေါင်' (အပိုင်း-၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'စိန်ရတုမြန်မာ-တရုတ်ချစ်ကြည်ရေး' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:02 Evergreen Classic: Dhamma Settkyar (Nan Sandi)
- 07:12 Attractive New Destinations of Bagan
- 07:35 Handmade Artisan Ye`Linn Oo
- 07:52 Listening Pleasure, Instrumental Music (Banjo) Kyama Doe Ywarkalay
- 08:01 News
- 08:26 Encouraging Sustainable MSMEs In Media & Entertainment Industry (Malaysia)
- 08:37 The Great Collector: Myanmar Antique Furniture and Handicraft
- 09:01 Digital Directory on Shwedagon Pagoda
- 09:15 Let's Explore Organic Farming
- 10:01 News

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ရခိုင်)
- ၀၆:၄၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၂၆)
- ၀၇:၅၅ ဧတီရိယိုတေးများ
- ၀၈:၂၀ ရုပ်စုံသဘင် 'ပညာရွှေအိုး' ဇာတ်တော်ကြီး
- ၁၀:၀၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'ပချစ်တတ်သောမိန်းမ အချစ်ငတ်သောယောကျ်ား'
- ၂၁:၀၀ 'စိန်ရတုမြန်မာ-တရုတ်ချစ်ကြည်ရေး' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
စိတ်ဝင်စားဖွယ်ဒီးမော့ဆိုတောင်ရိုးရာခလေ့

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တစ်နိုင်တစ်ပိုင်ကျူဖျာရက်လုပ်ငန်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သဘာဝမိကျောင်းများပျော်စံရာမိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာများ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ပိုင်ပေါ်လ်ဝက်သားမီးဖုတ်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ရှေးခေတ်ချင်း(ချိုး)တို့၏မေတ္တာမျှဝေး

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၂)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ကြည့်ညိုဖူးမြော်ကိုးသောင်းပုထိုးတော်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရွှေတိဂုံမြို့တော်

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်(အစားအသောက်ဆိုင်ရာအခေါ်အဝေါ်များ)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၄၅ Soccer View
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၄၅ မြေဆီစိုဒိုက်သစ်ပင်စိုက်ကြစို့
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၈:၁၅ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၈)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်ပျိုးကဏ္ဍမြှင့်တင်စို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ AGRICULTURE IN INDIA
- ၁၉:၀၀ Rose Tour
- ၂၀:၀၀ ရင်ထဲကရွှေနန်းကျင်(ဇာတ်လမ်း)
- ၂၂:၀၀ A Little Things Called Love (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ FIFA MFF U-19 Youth League (Replay) Winner Soccer Vs Royal Noka

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ရခိုင်ပြည်နယ်သို့တင်ပို့မည့် တန်ဖိုးငွေကျပ် ၈ ဒသမ ၁၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၂

မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ရခိုင်ပြည်နယ်သို့ တင်ပို့မည့် တန်ဖိုးငွေကျပ် ၈ ဒသမ ၁၈ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။




ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်-အောင်လံသွားကားလမ်းရှိ တိုးဂိတ်အနီး၌ မူးယစ်ဆေးဝါးများ အရောင်းအဝယ် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် အောင်ဇော်ဦး မောင်းနှင်သည့် TOYOTA PRADO ယာဉ်ပေါ်မှ ဘိုဘိုအောင် မောင်းနှင်ပြီး ဇင်သူအောင်၊ အောင်ပြည့်ဖြိုး တို့လိုက်ပါလာသည့် I-ZONE ယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်နေစဉ် ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းတို့လေးဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်းကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များ အရ အောင်ဇော်ဦး ငှားရမ်းနေထိုင်သည့် ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက် ဆွေးနွေးဘုရားလမ်းရှိ နေအိမ်ကို ဆက်လက်ရှာဖွေခဲ့ရာ ကျော်ဇင်နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ ဒသမ ၈၈၅ သိန်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ သိန်းငွေနှင့် ၎င်း၏ဇနီး နန်းခမ်းဖိန်တို့ကို ဇွန် ၆ ရက် ညနေ ၃ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မိုးကြိုးပစ်ကျေးရွာတွင် TOYOTA LANDCRUISER ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၇ ရက် နံနက် ၉ နာရီတွင် စိုင်းဗညားမြင့်အောင်(ခ)ပီးပီး(ခ) စစ်ကားနှင့် မင်းလွင်ဦးတို့နှစ်ဦးကို မင်္ဂလာဒုံမြို့နယ် စွယ်တော်စီးတီးအိမ်ရာရှိ ကားပါကင်တွင် Hyundai Grand Starex ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့်အတူ ထပ်မံဖော်ထုတ် ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၈ ဒသမ ၁၈ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၇ ဒသမ ၈၈၅ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များ အရ ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ တင်ပို့ရောင်းချသူမှာ ရှမ်းပြည်နယ် ကျေးသီးမြို့နယ် ဝမ်ဟိုင်းနေ ထွန်းစီနှင့်ဇနီး နန်းရွှေရင်(ခ) နန်းမိုင်းခမ်း (ခ)နန်းခမ်းကြာတို့ဖြစ်ပြီး ၎င်းတို့၏အစီအမံဖြင့် ရှမ်းပြည်နယ် ဝမ်ဟိုင်းမှ ပြည်မြို့သို့ သယ်ဆောင်ပြီး ပြည်မြို့တွင် သိန်းငွေနှင့် အောင်ဇော်ဦးတို့က နေအိမ်ငှားရမ်း သိုလှောင်ထားရှိကာ ရခိုင်ပြည်နယ်သို့ တစ်ဆင့် ပြန်လည်တင်ပို့ပေးခြင်းဖြစ်ကြောင်း၊ အလားတူ မန္တလေးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ သယ်ဆောင်ပြီး ရန်ကုန်မှတစ်ဆင့် ရခိုင်ပြည်နယ်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှ စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်ရောင်းဝယ်သူမှာ ထင်ထင်ကျော်(ခ)ရခိုင်ဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တာချီလိတ်မြို့တွင် ငွေကျပ်သိန်း ၄၈၀၀၊ လားရှိုးမြို့တွင် ငွေကျပ် ၂၇၆ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက်နံနက်ပိုင်းက တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဆွတ်ဆိုင်ကျေးရွာအနီး ဦးထွန်းအောင်တံတားတွင် သတင်းအရစောင့်ဆိုင်းနေစဉ် အိုက်ရှဲန်ဖူး မောင်းနှင်လာသော TOYOTA CROWN ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း)ကီလို ၆၀ (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၈၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၈၀၀) ဖမ်းဆီးရမိသဖြင့် အိုက်ရှဲန်ဖူး(၃၈)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ လားရှိုးမြို့ ရပ်ကွက်(၃) နယ်မြေ(၁၀) ကြာနီလမ်းပေါ်တွင် တွေ့ရှိသူ သိန်းစိုးအောင်(ခ)အားဝေအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀(တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၅၀)သိမ်းဆည်းရမိပြီး ကွင်းဆက်စစ်ဆေးပေါ်ပေါက်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ လားရှိုးမြို့ ရပ်ကွက်(၇) နယ်မြေ(၂၀) ခိုင်ရွှေဝါလမ်းနေ လောဝ်ဝူ(ခ)လီမင်ချိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၈၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၄ သိန်း)နှင့် ပလတ်စတစ်ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူအလေးချိန် ဂရမ် ၁၁၀ (တစ်ဂရမ်လျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၂ သိန်း) ဖမ်းဆီးရမိသဖြင့် သိန်းစိုးအောင်(ခ)အားဝေ (၂၉)နှစ်နှင့် လောဝ်ဝူ(ခ)လီမင်ချန် (၃၆) နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



တရားခံ အိုက်ရှဲန်ဖူးအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တပ်ကုန်းမြို့နယ်အတွင်း မိုးစပါး ၄၈၉၉၂ ဧက လျာထားစိုက်ပျိုးမည်

တပ်ကုန်း ဇွန် ၁၂

နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၄၈၉၉၂ ဧကလျာထားစိုက်ပျိုးပြီး စပါးထုတ်လုပ်မှုတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေး အရည်အသွေးကောင်းမျိုးစပါးများ တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆန်စပါးထုတ်လုပ်မှုတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲရေး၊ လေ့ကျင့်ပညာပေးရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေးကို အဓိကထား၍ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့ပြင် ဆည်ရေကို အကျိုးရှိစွာအသုံးချဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး မျိုးကောင်း၊ မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းပြီး လေလွင့်ဆုံးရှုံးမှုများ



လျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲလာနိုင်စေရေး ပေါင်းစပ်ကူညီပေးခြင်း၊ တောင်သူများအား စိုက်ပျိုးနည်းစနစ်များဆိုင်ရာ နည်းပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်စိုးလွင်

☆ MNL မှ

ဧရာဝတီယူနိုက်တက်အသင်းမှာလည်း ဂိုးပေါက်ပျောက်ဆုံးမှုနှင့်အတူ သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ ရှစ်ပွဲစီကစားအပြီးတွင် ဧရာဝတီယူနိုက်တက်အသင်းက ကိုးမှတ်၊ မဟာယူနိုက်တက်အသင်းက တစ်မှတ်ရရှိထားသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ဒုတိယပိုင်းအစ နှစ်မိနစ်တွင် ခန့်ဘုန်းနိုင်သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှစ်ပွဲစီကစားအပြီးတွင် သစ္စာအားမာန်အသင်းက ၁၂ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ခုနစ်မှတ် ရရှိထားသည်။

ပွဲစဉ်(၈) တတိယနေ့ကို ဇွန် ၁၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ တက္ကသိုလ်ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# MNL League Cup အုပ်စုလက်ကျန်ပွဲများ ဇွန် ၁၄၊ ၁၅ ရက်ကျင်းပမည်ဖြစ်ပြီး ကွာတားဖိုင်နယ်တက်ခွင့် လက်ကျန်လေးနေရာ ထွက်ပေါ်မည်

ရန်ကုန် ဇွန် ၁၂

၂၀၂၅ MNL League Cup ပြိုင်ပွဲ အုပ်စုလက်ကျန်ပွဲများကို ဇွန် ၁၄၊ ၁၅ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး ကွာတားဖိုင်နယ် တက်ရောက်ခွင့်အတွက် လက်ကျန်လေးနေရာ ထွက်ပေါ်မည်ဖြစ်သည်။

မေ ၂၁ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ပွဲကုန်လေးပွဲကစား ရမှတ် ၁၀ မှတ်ဖြင့် ကွာတားဖိုင်နယ် တက်ရောက်သွားပြီး လက်ကျန်တစ်နေရာအတွက် Dagon Port အသင်းက ခြောက်မှတ်၊ သစ္စာအားမာန်အသင်းက ငါးမှတ်ရရှိထားပြီး နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်နေသည်။ ပွဲကုန်လေးပွဲကစား လေးမှတ်ရသည့် တက္ကသိုလ်အသင်းနှင့် ပွဲတိုင်းအရေးနိမ့်ခဲ့သည့် YB United အသင်းတို့မှာ အုပ်စုမှထွက်ခဲ့ရသည်။ အုပ်စု (ခ) တွင် ရန်ကုန်ယူနိုက်တက်အသင်းက ပွဲကုန်လေးပွဲ ကစားရမှတ် ၁၀ မှတ်ဖြင့် ကွာတားဖိုင်နယ် တက်ရောက်သွားပြီး လေးမှတ်စီရထားသည့် ဧရာဝတီယူနိုက်တက်နှင့် မဟာယူနိုက်တက်အသင်းတို့က အဆုံးအဖြတ်ပွဲ ကစားရမည်ဖြစ်သည်။ ပွဲကုန်လေးပွဲစီကစားကာ လေးမှတ်ရသည့် ရန်ကုန်ရှိုင်ရယ်အသင်းနှင့် တစ်မှတ်ရသည့် ကချင်ယူနိုက်တက်အသင်းတို့မှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စု (ဂ) တွင် ဟံသာဝတီ ယူနိုက်တက်အသင်းက ပွဲကုန်လေးပွဲကစား ရှစ်မှတ်ဖြင့် ကွာတားဖိုင်နယ် တက်ရောက်သွားပြီး လက်ကျန်တစ်နေရာအတွက် ခုနစ်မှတ်ရထားသည့် ရခိုင်ယူနိုက်တက်နှင့် လေးမှတ်ရထားသည့် အား/ကာသိပ္ပံအသင်းတို့ မျှော်လင့်ချက်ရှိနေသည်။ သို့သော် ရခိုင်ယူနိုက်တက်အသင်းက ဂိုးကွာခြားချက်တွင် များစွာ အသာရထားသဖြင့် ရှုံးပွဲကြုံတွေ့သည့်တိုင် နောက်တစ်ဆင့်တက်ရန် အခွင့်အရေးများနေပြီး အနိုင်ရပါက အုပ်စုပထမနေရာပင်ရရှိမည်ဖြစ်သည်။ ငါးမှတ်ရသည့် Chinland အသင်းနှင့် ပွဲတိုင်းအရေးနိမ့်ခဲ့သည Glory Goal အသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စု (ဃ) တွင် ရတနာပုံအသင်းက သုံးပွဲကစားကိုးမှတ်ဖြင့် ကွာတားဖိုင်နယ် တက်ရောက်သွားပြီး လက်ကျန်တစ်နေရာအတွက် ပွဲကုန်လေးပွဲကစား ခုနစ်မှတ်ရထားသည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် သုံးပွဲကစား ခြောက်မှတ်ရထားသည့် မြဝတီအသင်းတို့ မျှော်လင့်ချက်ရှိနေကာ ပွဲကုန်လေးပွဲကစား လေးမှတ်ရသည့် ရာမညယူနိုက်တက်နှင့် ပွဲတိုင်းအရေးနိမ့်ခဲ့သည့် ငွေကြယ်ပွင့်အသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ရပြီဖြစ်သည်။ ဒဂုံစတားအသင်းသည် နောက်တစ်ဆင့်တက်ရန် ရတနာပုံ-မြဝတီပွဲ စောင့်ကြည့်ရမည်ဖြစ်ပြီး မြဝတီအသင်းမှာမူ အနိုင်ရပါက ကွာတားဖိုင်နယ် တက်ရောက်ခွင့် ရမည်ဖြစ်သည်။ ဇွန်လနိုင်ငံတကာရက်သတ္တပတ်ကြောင့် ခေတ္တရပ်နားထားသည့် MNL League Cup ပြိုင်ပွဲမှာ အုပ်စုပွဲအားလုံး မပြီးဆုံးသေးဘဲ လက်ကျန်လေးပွဲတွင် ကွာတားဖိုင်နယ်တက်ရောက်ခွင့် လက်ကျန်လေးနေရာအတွက် အဆုံးအဖြတ်ပွဲများ ပါဝင်နေသည်။

အုပ်စုလက်ကျန်ပွဲများ အဖြစ် ဇွန် ၁၄ ရက်တွင် သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် Dagon Port အသင်း၊ ပဒုမ္မာကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် မြဝတီအသင်း၊ ဇွန် ၁၅ ရက်တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကွာတားဖိုင်နယ် ပွဲစဉ်များကို ဇွန် ၁၈၊ ၁၉ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၂၃၊ ၂၄ ရက်၊ ဗိုလ်လုပွဲကို ဇူလိုင် ၆ ရက်တို့တွင် ကျင်းပမည် ဖြစ်သည်။

**ထွဏ်းသွေးအိမ်၊ ဓာတ်ပုံ-MNL**

❍ ကျောဖုံးမှ

ကာရစ်ဘီယန်ဒေသမှငါးသင်း၊ တောင်အမေရိကမှ ခြောက်သင်း၊ သမုဒ္ဒရာပိုင်းဒေသမှ တစ်သင်း၊ ဥရောပမှ ၁၂ သင်း ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

လက်ရှိမဲခွဲထားတဲ့အုပ်စုဇယားအရ အုပ်စု(A) မှာ အယ်လ်အာလီ(အီဂျစ်)၊ ပေါ်တို(ပေါ်တူဂီ)၊ ပါးလ်မီးရက်စ်(ဘရာဇီး)၊ အင်တာမိုင်ယာမီ(အမေရိကန်)၊ အုပ်စု(B)မှာ ပီအက်စ်ဂျီ(ပြင်သစ်)၊ အက်သလက်တီကိုမက်ဒရစ်(စပိန်)၊ ဘိုတာဖိုဂို(ဘရာဇီး)၊ ဆီတယ်ဆောင်းဒါးစ်(အမေရိကန်)၊ အုပ်စု(C)မှာ ဘိုင်ယန်မြူးနစ်(ဂျာမနီ)၊ အောက်ကလန်စီးတီး (နယူးဇီလန်)၊ ဘိုကာဂျူနီယာ(အာဂျင်တီးနား)၊ ဘင်ဖီကာ(ပေါ်တူဂီ)၊ အုပ်စု(D)မှာ စပို့တစ်ဒီကျူးနစ်(တူနီးရှား)၊ ဖလာမန်းဂိုး(ဘရာဇီး)၊ ချယ်လ်ဆီး(အင်္ဂလန်)၊ အယ်လ်အေအက်ဖ်စီ(အမေရိကန်)၊ အုပ်စု (E)မှာ ရစ်ဗားဘလိတ်(အာဂျင်တီးနား)၊ ရက်ဒ်ဒိုင်းယားမွန်း(ဂျပန်)၊ မွန်တာရေး(မက္ကဆီကို)၊ အင်တာမီလန်(အီတလီ)၊ အုပ်စု(F)မှာ ဖလူမီနန့်စ်(ဘရာဇီး)၊ ဒေါ့မွန်(ဂျာမနီ)၊ အူလ်ဆန်အိတ်ဒီ (တောင်ကိုရီးယား)၊ မာမီလိုဒီဆန်းဒေါင်း (တောင်အာဖရိက)၊ အုပ်စု(G)မှာ မန်စီးတီး(အင်္ဂလန်)၊ ဝိုင်ဒက်အေစီ(မော်ရိုကို)၊ အယ်လ်အိန်း(ယူအေအီး)၊ ဂျူဗင်တပ်(အီတလီ)၊ အုပ်စု(H)မှာ ရီးရယ်လ်မက်ဒရစ်(စပိန်)၊ အယ်လ်ဟီလာ (ဆော်ဒီအာရေဗျ)၊ ပါချူကာ(မက္ကဆီကို)၊ ဆဲလ်ဘတ်(ဩစတြီးယား)တို့ဟာ အုပ်စုတွင်းပြိုင်ဘက်တွေအဖြစ် တွေ့ဆုံနေတာဖြစ်ပါတယ်။

ကလပ်ကမ္ဘာ့ဖလားကို အများဆုံးဆွတ်ခူးထားတဲ့အသင်းမှာ ရီးယဲလ်မက်ဒရစ်အသင်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းဟာ ကလပ်ကမ္ဘာ့ဖလားကို ငါးကြိမ်ဆွတ်ခူးထားတာဖြစ်ပါတယ်။ ဒုတိယအများဆုံးဆွတ်ခူးထားတဲ့အသင်းကတော့ သုံးကြိမ်ဆွတ်ခူးထားတဲ့ ဘာစီလိုနာအသင်းဖြစ်ပြီး လက်ရှိချန်ပီယံအသင်းကတော့ မန်စီးတီးအသင်းပဲဖြစ်ပါတယ်။

၂၀၂၅ ခုနှစ် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စုအဆင့် အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၁၄ ရက်မှာ အယ်လ်အာလီအသင်းနဲ့ အင်တာမိုင်ယာမီအသင်းတို့ မိုင်ယာမီမြို့မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ **ငွေကြယ်**

# ကိုယ့်စိတ်ကို သတိထား

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ

(၂-၅-၂၀၂၅ ရက်နေ့မှအဆက်)

ဇာတိ မွေးရ၊ ဇရာ အိုရ၊ ဗျာဓိ နာရ၊ မရဏ သေရ ဖြစ်နေကြတာ။ မွေး အို နာ သေနဲ့ တောက်တောက်တောက်တောက် ဒေ့ွသည်လုပ်ပြီး သွားနေရတာ။

သတ္တဝါအနေနဲ့ သံသရာခရီးကို လိုချင်တာက မမွေး မအို မနာ မသေ။ ဖြစ်နေရတာက မွေး အို နာ သေ။ သံဝေဂရဖို့ ကောင်းပြီ။

တကယ်သိစေချင်တာက မိမိတို့ရဲ့ကိုယ်ပိုင် ဉာဏ်နဲ့ကြည့်လိုက်၊ သိလိုက်စေချင်ပါတယ်။ အရှုခံ အာရုံရယ်။ ရှုတဲ့စိတ်ရယ်။ မြင်တဲ့အာရုံ၊ ကြားတဲ့ အာရုံ နံတဲ့အာရုံ၊ စားတဲ့အာရုံ၊ ထိတဲ့အာရုံ၊ တွေးတဲ့ အာရုံ ဘယ်အာရုံတွေကိုပဲကြည့်ကြည့် ဖြစ်ပြီး ပျက်၊ ပေါ်ပြီး ပျောက်၊ ထင်ရှားပြီး ချုပ်။ ဒေ့ွသည်၊ ဒေ့ွသည် မြင်ပြီး မရှိတော့ပါဘူး၊ ကြားသိပြီး မရှိတော့ပါဘူး။ အာရုံလည်း ဒေ့ွသည်၊ ရှုစိတ်လည်း ဒေ့ွသည်၊ ရုပ်ခန္ဓာ နာမ်ခန္ဓာတွေဟာ ဒေ့ွသည် တွေပဲဆိုတာကို တဖြည်းဖြည်းအမှန်အတိုင်း သိလာ ရပါတယ်။

အဲဒါ ဝိပဿနာဉာဏ်၊ ဝိပဿနာအသိနဲ့ သိနေ တယ်လို့ ခေါ်ပါတယ်။

ဘုရားယုံကြည်မှု၊ တရားယုံကြည်မှု၊ သံဃာ ယုံကြည်မှု အားနည်းရင် ဝိစိကိစ္ဆာယုံမှားမှု သံသယ များတယ်။ နိဗ္ဗာန်ကို ယုံကြည်မှုအားနည်းနေရင် ဝိစိကိစ္ဆာများတယ်။

သံသရာရဲ့ ရှေ့အစွန်း၊ နောက်အစွန်း၊ ရှေ့နောက် အစွန်း ရှိ၊ မရှိ ယုံကြည်မှုအားနည်းရင် ဝိစိကိစ္ဆာ များတယ်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ယုံကြည်မှု အားနည်းရင် ဝိစိကိစ္ဆာ ယုံမှားမှုသံသယများတယ် လို့ ခေါ်ပါတယ်။

အခု မိမိတို့ တကယ်ရှုကြည့်နေတဲ့အခါ အရှုခံ အာရုံအနေနဲ့ ပြောရရင် အာရုံဆက်ကာဆက်ကာနဲ့ ဖြစ်တာလေးကို တွေ့တယ်ဆိုလို့ရှိရင် ဥဒ္ဓစ္စဒိဋ္ဌိ ကင်းသွားတယ်။ ပြတ်တယ်ဆိုတဲ့ အယူကင်းသွား တယ်။

နှာသီးဝ၊ နှုတ်ခမ်းဖျားမှာ တိုးတာလေးကိုပဲ သတိထားထား၊ ထိတာလေးကိုပဲ သတိထားထား၊ ခြေဖျားကနေ ဆံဖျားတိုင်အောင် ပေါ်ရာ ထင်ရှား ရာကိုပဲ သတိထားထား၊ ဒီရုပ်နာမ်သဘောတွေကို ဉာဏ်နဲ့သိလာရင်၊ ဖြစ်တာတွေ့ရင် ဥစ္ဆေဒဒိဋ္ဌိ ပျောက်တယ်။

အဲဒီလိုပါပဲ။ ရုပ်နာမ်သဘောကို သတိဉာဏ်နဲ့ သိလာရင် ရုပ်နာမ်ဓမ္မတွေရဲ့ ပျက်နေတဲ့သဘော၊ ပျက်တာကိုတွေ့ရင် သဿတဒိဋ္ဌိဖြစ်တာဟာ မြဲနေ တယ်လို့ ယူဆတဲ့ အယူမှားကြီး ကင်းပျောက်တယ်။

အဲဒီလို ဝိပဿနာဉာဏ် ဖြစ်နေရင် ဒိဋ္ဌိ နှစ်ပါး စင်နေတယ်။ ကင်းနေတယ်။

နိဗ္ဗာန်ရောက်အောင် အလယ်တည့်တည့် လမ်းကြောင်းက သွားနေတာလို့ ခေါ်ပါတယ်။

တစ်ချက်လေး ကိုယ့်စိတ်လေး ကိုယ်သိနေ တယ်။ သတိထားပြီး သိနေတယ်။

အခု မိမိတို့စိတ်က ပြောတဲ့သူက အသံမပေး ဘဲနေနေတာ နည်းနည်းလေးကြာလာတော့ ဘာပြောမလဲလို့ စောင့်နားထောင်နေတယ်။ တရား မရှုဘဲနဲ့ စောင့်နားထောင်နေတယ်။

သေချာဉာဏ်နဲ့စိစစ်ကြည့်တော့ ပြောပေးနေ တဲ့အသံကို မကြားရတာကြာတော့ စောင့်ပြီး နားထောင်နေတဲ့စိတ်ဖြစ်နေတယ်။

အဲဒီလို အဲဒီစောင့်နားထောင်တဲ့စိတ်ကို အသိ ဉာဏ်ရှိတဲ့ ရှုစိတ်က စောင့်နားထောင်နေတဲ့ စိတ်လို့ သိနေပါတယ်။ အဲဒါက ဉာဏ်နဲ့ နာမ်သဘော



စိတ်သဘောကို သိနေနိုင်တာပါ။

ဒီစိတ်ကလေးဖြစ်ပြီး နောက်စိတ်ကလေး လာဦးမလားလို့ သတိထားပြီး ကြည့်နေနိုင်တယ်။ မလာဘူးလားလို့လည်း သတိထားပြီး ကြည့်နေနိုင် တယ်။

တစ်တိုး တစ်သိ တစ်စိတ် အရှုခံအာရုံနဲ့ ရှုစိတ် တစ်ထပ်တည်းဖြစ်ပြီး နောက်စိတ်လာ၊ မလာ ကြည့်စရာမလိုဘဲ ဒီအတိုင်းသတိရှိရှိနဲ့ ဉာဏ်အသိနဲ့ သိနေနိုင်ပါတယ်။ အဲဒါဆိုရင် ဝိပဿနာဉာဏ် ဖြစ်လာပါပြီ။

ဒီဟာကို ရှုနေပါရက်နဲ့ နောက်စိတ်လာဦးမယ် လို့ မျှော်နေရင် ရှုတဲ့စိတ်လည်း မမှန်ဘူး။ နောက်စိတ် လာဦးမယ်ဆိုတဲ့အတွက် အဲဒါ သဿတဒိဋ္ဌိလည်း ဖြစ်နေပါတယ်။

တရားအားထုတ်တယ်ဆိုတာက နောက် စိတ် လာဦးမယ်လို့ မျှော်လင့်တာမျိုး၊ တောင့်တတာမျိုး မရှိရပါဘူး။

ဒါဖြင့်...ဒီစိတ် ဖြစ်ပြီးရင် ပြတ်ရော ဆိုပြန်တော့ လည်း ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပြန်ရော။ မပြတ်တမ်း ဆက်ဖြစ် နေတာကိုသိရင် ဥစ္ဆေဒဒိဋ္ဌိကင်းပါတယ်။

အကြောင်းတွေ ဆက်ကာဆက်ကာရှိနေရင် နောက်စိတ်တွေလည်း ဆက်ကာဆက်ကာ အကျိုး တရား အဆက်ဆက်အနေနဲ့ ပေါ်နေဦးမှာပါပဲ။ အကြောင်းရပ်ရင် အကျိုးရပ်တယ်။ အကြောင်း မရှိရင် အကျိုးလည်း မရှိတော့ပါဘူး။ အကြောင်း ရှိနေသမျှ အကျိုးရှိနေတယ်။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်း၊ အကျိုး ဆက်စပ်ပုံကို ဟောပေးတဲ့တရားပါပဲ။ အကြောင်း အကျိုးတွေဆက်စပ်ပြီး ဖြစ်နေကြတာကို သေချာ ကြည့်ပါ၊ သတိထားပါ။

အရှုခံအာရုံက ဖြစ်ပြီး ပျက်တယ်။ ပေါ်ပြီး ပျောက်တယ်။ ထင်ရှားပြီး ချုပ်တယ်။ အရှုဉာဏ် ရှုစိတ်ကရော။

မိမိက ကြည့်နေတယ်။ မြင်နေတယ်။ ဘယ် အာရုံကိုပဲ ကြည့်ကြည့်၊ ရုပ်ကိုပဲ ကြည့်ကြည့်၊ နာမ်ကိုပဲ ကြည့်ကြည့်၊ ခန္ဓာကိုပဲ ကြည့်ကြည့်၊ ဓာတ်ကိုပဲ ကြည့်ကြည့်၊ အာယာတန တစ်ဆယ့် နှစ်ပါးကိုပဲ ကြည့်ကြည့်၊ ဓာတ်တစ်ဆယ့်ရှစ်ပါးပဲ ကြည့်ကြည့်၊ ခန္ဓာငါးပါးကိုပဲ ကြည့်ကြည့် ခြေဖျား ကနေ ဆံဖျားတိုင်အောင် ဖြစ်နေသမျှတွေကိုပဲ ကြည့်ကြည့်၊ မြင်မြင်သမျှအားလုံးသော လောက အာရုံတွေ မှန်သမျှဟာ ဖြစ်ပြီးပျက်နေတဲ့ ဓမ္မအစု ဒုက္ခသစ္စာတုံး သစ္စာခဲချည်းပါပဲ။

ဘာကြည့်ကြည့် ဖြစ်ပြီး ပျက်၊ ပေါ်ပြီး ပျောက်၊ ထင်ရှားပြီး ချုပ်၊ အာရုံမှန်သမျှ ပေါ်ပျောက်၊ဖြစ်ပျက်၊ ထင်ရှား ချုပ် အားလုံးဟာ ခဏတစ်ဖြုတ်လာတဲ့ ဒေ့ွသည်တွေပါ၊ ဒေ့ွသည်တွေပါပဲ။

တချို့တချို့တွေက အာရုံကို ဖြစ်ပျက်မြင်ပါ တယ်။ အာရုံမှန်သမျှကို ဒေ့ွသည်လို့သဘော ပေါက်ပါတယ်။ ကြုံလာတဲ့ အာရုံတိုင်းကို ကြည့်၊ မရှိ၊ မြင် မရှိ လို့ သိပါတယ်။

“အဖြစ်အပျက်တွေကို တွေ့နေပါတယ်။ မြင်နေပါတယ်။ဖြစ်ပျက်နေပါတယ်” လို့ဘယ်လောက် ပြောပြော-

“သိနေတာက ဘယ်သူက သိနေတာလဲ။ ငါက သိတာပေါ့”

“ဘယ်သူက ကြည့်နေတာလဲ။ ငါက ကြည့်တာ ပေါ့”

“ဘယ်သူက ရှုနေတာလဲ၊ ငါက ရှုနေနိုင်တာ ပေါ့”

“ငါရှုလို့ ကောင်းလိုက်တာ”

“ငါ ကြည့်နေရတာ ကောင်းလိုက်တာ”

ဒီလိုဆိုရင် သွားရော သွားရော။

အာရုံကိုတော့ ဖြစ်ပျက်လုပ်ပြီးတော့ ရှုတဲ့ စိတ်ကိုကျတော့ ဒေ့ွသည် မထင်တော့ဘူး၊ အိမ်ရှင် ထင်နေတာ။ အမြဲရှိတယ် ထင်နေတယ်။ အဲဒါ တစ်ဖက်မှားပါလေရော။

(ဆက်လက်ဖော်ပြပါမည်)

**မိမိက ကြည့်နေတယ်။ မြင်နေတယ်။ ဘယ်အာရုံကိုပဲ ကြည့်ကြည့်၊ ရုပ်ကိုပဲ ကြည့်ကြည့်၊ နာမ်ကိုပဲ ကြည့်ကြည့်၊ ခန္ဓာကိုပဲ ကြည့်ကြည့်၊ ဓာတ်ကိုပဲ ကြည့်ကြည့်၊ အာယာတန တစ်ဆယ့်နှစ်ပါးကိုပဲ ကြည့်ကြည့်၊ ဓာတ်တစ်ဆယ့်ရှစ်ပါးပဲ ကြည့်ကြည့်၊ ခန္ဓာငါးပါးကိုပဲ ကြည့်ကြည့် ခြေဖျားကနေ ဆံဖျားတိုင်အောင် ဖြစ်နေသမျှတွေကိုပဲ ကြည့်ကြည့်၊ မြင်မြင်သမျှအားလုံးသော လောကအာရုံတွေ မှန်သမျှဟာ ဖြစ်ပြီး ပျက်နေတဲ့ ဓမ္မအစု ဒုက္ခသစ္စာတုံး သစ္စာခဲချည်းပါပဲ**

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ “ဒေ့ွသည်” စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူ ဖော်ပြပါသည်။**

# ကုသလကမ္မပထဆယ်ပါး

ကျွန်တော်တို့သည် ပြီးခဲ့သောအခန်းများက ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးပေးရာဘုံဌာန များကို အမြွက်မျှ အကျဉ်းချုပ်၍ ဖော်ပြပြီးလေပြီ။

ထိုတွင် အကုသိုလ်ကံက အပါယ်လေးဘုံမှာ နောက်ဘဝ၌ ပဋိသန္ဓေအကျိုးကိုပေးပြီး အပါယ် ခန္ဓာကိုယ်ကို ထူထောင်စေသလို ကာမကုသိုလ်ကံက ကာမသုဂတိခုနစ်ဘုံမှာ ခန္ဓာကိုယ် အသစ်ထူထောင် နိုင်အောင် ပဋိသန္ဓေအကျိုးပေးသည်တို့ကို သိကြရ ပြီးဖြစ်ပေသည်။

သို့ဖြင့် ကံပြုခွင့်ရနေသော ဤဘဝအတွက် ကုသိုလ်ကံများများပြုကြဖို့ပင် ဖြစ်ကြလေသည်။ ထိုတွင် စျာန်ကုသိုလ်၊ မဂ်ကုသိုလ်များအထိ လက်လှမ်း မမီသေးခင် ကြားကာလဝယ် ကာမကုသိုလ် ရှစ်ပါး ကိုသာ အခွင့်သင့်လျှင်သင့်သလို အမြဲတစေစုဆောင်း၊ ပြုစုသွားကြရမည်ဖြစ်ပေသည်။

ထိုတွင် အဘိဓမ္မာနည်းအရ ကာမကုသိုလ်ရှစ်ပါး ရဖို့ရန် “ကုသလကမ္မပထတရားဆယ်ပါး” တို့ကို နေ့စဉ်ဆည်းပူးသွားရပေမည်။

ကုသလကမ္မပထ-ဟူသည် “ပဋိသန္ဓေအကျိုးကို ဧကန်ဧကေ ပေးစွမ်းနိုင်အောင် အားထုတ်သော




ကုသိုလ်ကံ” တို့ကို ဆိုလိုပေသည်။ ထိုကံတို့ကား-

**ကာယကံသုံးပါး**

၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း- ပါဏာတိပါတဝိရတိ။

၂။ သူ့ဥစ္စာခိုးယူမှုမှ ရှောင်ကြဉ်ခြင်း - အဒိန္နာဒါန ဝိရတိ။

၃။ သူ့အိမ်ရာကို ကျူးလွန်ပြစ်မှားမှုမှ ရှောင်ကြဉ်ခြင်း - ကာမေသုမိစ္ဆာစာရ ဝိရတိ-ဟူသော ကာယကံသုံးပါး။

**ဝစီကံလေးပါး**

၁။ မုသားပြောမှုမှ ရှောင်ကြဉ်ခြင်း - မုသာဝါဒ ဝိရတိ။

၂။ ချောပစ်ကုန်းတိုက်သော စကားပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း - ပိသုဏဝါစာဝိရတိ။

၃။ ကြမ်းတမ်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း- ဖရုသဝါစာဝိရတိ။

၄။ အကျိုးမရှိ သိမ်ဖျင်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း- သမ္ဖပ္ပလာပါ ဝိရတိ - ဟူသော ဝစီကံလေးပါး။

**မနောကံသုံးပါး**

၁။ သူတစ်ပါးစည်းစိမ်ကို မတော်မတရား မလိုချင် ခြင်း- အနဘိဇ္ဈာ။

၂။ သူတစ်ပါးပျက်စီးအောင် မကြံစည်ခြင်း- အဗျာ ပါဒ။

၃။ မှန်ကန်သော အယူရှိခြင်း-သမ္မာဒိဋ္ဌိ ဟူသော မနောကံ သုံးပါးတို့ဟူ၍ ပေါင်းဆယ်ပါးဖြစ်သည်။

ဤဆယ်ပါးကို ကုသလကမ္မပထ တရားဆယ်ပါး ဟုခေါ်သည်။ ဤရှောင်ကြဉ်မှု တရားဆယ်ပါးကို မိမိသန္တာန်မှာ အခိုင်အမာတည်အောင်ပြုပြီး ရှောင်ရ မည့် အာရုံနှင့်တွေ့တိုင်း ရှောင်ကြဉ်သွားခြင်းဖြင့် ထိုကာမကုသိုလ်များကို ဆည်းပူးရယူသွားသင့်ပေ သည်။

## ချင်းပြည်နယ်အစိုးရအဖွဲ့
## သယံဇာတရေးရာဝန်ကြီးဌာန
## ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟားခါးမြို့
## ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေကျပ်သန်း(၂၀၀) အထက်လုပ်ငန်းဖြစ်သော ရေပေးရေးလုပ်ငန်းဖြစ်သည့် ရေပိုက်နှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းနှင့် ဂါလန်(၁၀၀၀၀၀)ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုသူ မြန်မာနိုင်သားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်၊ နေရာ | - ၁၃-၆-၂၀၂၅ ရက် (သောကြာနေ့) နံနက်(၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီထိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် | - ၂၆-၆-၂၀၂၅ ရက် (ကြာသပတေးနေ့) မွန်းလွဲ(၁၄:၀၀)နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ တင်သွင်းမည့်နေရာ | - ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း အချိန်မီတင်သွင်းခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ |
| (ဃ) | တင်ဒါဖွင့်လှစ်မည့် နေ့ရက်အချိန်နှင့်နေရာ | - သီးခြားထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။ |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း(၀၉-၃၄၆၁၈၉၉၃၄၊ ၀၉-၄၃၀၁၀၁၃၈)နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၂)၊ ဦးပိုင်အမှတ်-၆၅/၄၈x၄၉ လမ်းကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်စိန်[၉/မရမ(နိုင်)၀၉၁၁၃၃]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၆၁/၂၀၂၁) ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းနွမ်ဟွမ်[၁၃/မဆတ(နိုင်)၀၅၉၆၆၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၅)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(၇၅၀)၊ အကျယ်အဝန်း (၂၀)ပေx(၆၀)ပေရှိ ဦးခင်မောင်(အမည်ပေါက်)ပါမစ်မူရင်းဟုအမည်တွင်သည့် မြေကွက်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဝေစိုး(ဘ)ဦးစိုးမောင်[၁၂/တမန(နိုင်)၀၀၇၈၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မင်းဦး [၁၂/တမန(နိုင်)၁၁၃၅၀၆]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်နိုးသူ [LL.B, WIPO DL-101 (Switzerland)]**
**အထက်တန်းရှေ့နေ (စဥ်-၅၆၀၈၁)**
**အမှတ်(၉၀၂/က)၊ မြကန်သာ(၂)လမ်း၊ (၇၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၇၂၆၁၇၅၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ သိပ္ပံမောင်ဝလမ်း၊ မြေကွက်အမှတ်(၁၀၄)၊ ဧရိယာအကျယ်(၄၀x၆၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဒေါ်ခင်စမ်းရီ(CA-၀၁၇၁၇၁)အမည်ပေါက်မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ထားသူ ဒေါ်သီတာအေး[၇/တငန(နိုင်)၁၀၄၆၆၀]မှ အဆိုပါမြေကွက်အား မိမိမှရောင်းချပိုင်ခွင့်ရှိကြောင်းနှင့်အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ် မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ဖြူသန့် (LL.B) အထက်တန်းရှေ့နေ (စဥ်-၅၃၆၂၁)**
**ဖုန်း-၀၉-၉၆၇၆၂၆၈၁၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာအပိုင်း(၁)၊ အိမ်ရာစီမံကိန်းရှိ (၂)ထပ် လုံးချင်းအိမ်ရာ၊ တိုက်အမှတ်-၃၄(A)၊ (၂၆၅၂) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်စောဥမ္မာ[၁၂/မရက(နိုင်)၀၃၀၂၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငယ်ငယ်ဇော် [၁၂/ကတန(နိုင်)၀၉၃၇၁၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LL.M) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ - **"Star High Company Limited"** ၏ Customs ID No. 100276536030 (29-3-2024), 100277244761 (8-4-2024), 100277736200 (22-4-2024), 100279340711 (16-5- 2024), 100279345721 (16-5-2024), 100279620010 (21-5-2024), 100279889360 (27-5-2024), 100281266630 (17-6-2024), 100281840740(28-6-2024),100289247441 (29-10-2024), 100290335610 (14-11-2024), 100290346551 (19-11-2024), 100290351711 (19-11-2024), 100290678830 (20-11-2024), 100293940830 (3-1-2025), 100294941460 (16-1-2025), 100297493700 (14-2-2025), 100297641250 (17-2-2025), 100298551140 (3-3-2025), 100298754730 (5-3-2025) တို့၏ ပြုလုပ်ခဲ့သည့် သွင်းကုန်ဆိုင်ရာမှတ်တမ်း (၂၀)စောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်ဖုန်း-09-695026348**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (၁၆)ဗိုလ်စိန်မှန်လမ်း၊ ဗဟန်းမြို့နယ်နေ ဒေါ်မိုးမိုး [၁၄/အဂပ(နိုင်)၀၀၃၀၇၇]နှင့် မောင်နှမ(၄)ဦးအပါအဝင်က ၎င်းတို့လက်ရှိပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၆၇-လမ်း၊ အမှတ်(၂၆)ရှိ တိုက်အခန်း(၃)လွှာ ခေါင်းရင်းခန်း အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာချို[၁၄/အမန(နိုင်)၀၃၄၆၀၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ (၂)ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဟု အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်လတ် B.A (Law) LL.B(Advocate)**
**တရားလွှတ်တော်ရှေ့ (စဥ်-၄၂၈၃)**
**ဖုန်း-၀၉-၂၅၁၁၀၇၇၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ ဇောတရုံလမ်း၊ အမှတ်(၆၇၅)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဥ္စမထပ်(၆-လွှာ)(6/B)၊ တိုက်ရှေ့မျက်နှာမူလျှင် ညာဘက်ခြမ်း၊ အကျယ်အဝန်း (၁၈ ပေ x ၅၈ ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ **ဒေါ်ချိုလွင်မေ [၁၂/ဗဟန(နိုင်)၀၉၂၇၇၃]** ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဝါဝါဝင်းထိုက် [၁၁/ရဗန(နိုင်)၀၆၀၅၃၆]**က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ **သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်** ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေစင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၇၀၅)**
**အမှတ်(၈၀၈)၊ မာဃ(၉)လမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၅၂၃၂၄၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ အမှတ်(၂၄၆)၊ (၄၀ပေ x၆၀ပေ) ဧရိယာအကျယ် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဒေါ်နှင်းအေး [၁၂/မရက(နိုင်)၀၇၂၂၈၇]အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသည့် အမှတ်(၂၄၅)နှင့်ကပ်လျက် (၂၀ပေx၆၀ပေ)ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာဝင်း [၈/ခမန(နိုင်)၁၉၅၂၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်မျိုးသန့် [၁၂/စခန(နိုင်)၀၅၈၃၆၉] နှင့် ဒေါ်ဇင်မာသန့် [၁၂/ဒဂမ(နိုင်)၀၁၆၈၇၆]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ အမှတ်(၂၆၉)၊ (၄၀ပေx၆၀ပေ) ဧရိယာအကျယ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြေချပါမစ်တို့တွင် ဦးသန်းခင်(စီကေ-၀၂၁၅၈၁) အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်ကို ပါမစ်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးအေး [၁၂/မရက(နိုင်)၀၀၅၀၃၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းလွင်ဦး [၉/မထလ(နိုင်)၀၉၀၆၄၉] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

### ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၈ - ရပ်ကွက်၊ အုတ်လှငယ်လမ်း၊ အမှတ်- ၁၇၀ ဟု ခေါ်တွင်သော မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၈ ၊ မြေကွက်အမှတ် - ၁၇၀ ၊ ဧရိယာ (၀.၀၅၅)ဧက၊မြေအမျိုးအစား - နှစ်(၆၀)မြေငှားဂရန်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးတင်မောင်(TZI - ၀၈၄၆၃၇)အမည်ပေါက်လျှက်ရှိပြီး ၎င်းထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ပြုံးမို့မို့စံ (၁၃/ကဟန(နိုင်)၀၁၉၄၁၁) မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးသန်းဦး(LL.B,D.B.L,) | ဦးဟန်လင်းအောင်(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၈၇၅) | အထက်တန်းရှေ့နေ(စဥ်- ၅၆၆၆၈) |

အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆

### ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာသစ်ခွရပ်ကွက်၊ သဇင်လမ်း၊ အမှတ်- ၂၇ ဟု ခေါ်တွင်သော မြေနှင့်အဆောက်အဦးအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၃၀/စီ ၊ မြေကွက်အမှတ် - ၂၇ ၊ ဧရိယာ (၁.၄၀၆) ဧက၊ မြေအမျိုးအစား- နှစ်(၆၀)မြေငှားဂရန်မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အားမြို့မြေစာရင်းတွင် ဦးကျော်သူ (၈/တတက(နိုင်) ၀၇၉၄၉၈) အမည်ပေါက်လျှက်ရှိပြီး ၎င်းထံမှအရပ်ကတိအရောင်းအဝယ်စာချုပ် နှင့် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-(၁၈၈၉၃/၂၃)(၅-၉-၂၃)အရ ဦးသန်းစိုး (၁၂/ဗဟန (နိုင်) ၀၀၃၇၅၈) မှ မိမိတစ်ဦးတည်းတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးသန်းဦး(LL.B,D.B.L,) | ဦးဟန်လင်းအောင်(LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၈၇၅) | အထက်တန်းရှေ့နေ(စဥ်- ၅၆၆၆၈) |

အမှတ်(၇၅၁)(ပထမထပ်)၊တပင်ရွှေထီးလမ်း၊၃၈-ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။
ရုံးဖုန်း-၀၉-၈၈၆၆၉၅၉၆၆

### ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၄ - ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့်ကျောက်စိမ်းလမ်းထောင့်၊အမှတ်-၁၀၂၀ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

